မြင့်မြင့်ပျံပြီး ဝေးဝေးမြင်တဲ့



# လင်းယုန်

## ဗန်းမော်တင်အောင်ကွယ်လွန်ခြင်း
## နှစ်(၃၀)မြောက်အထိမ်းအမှတ်

အောက်တိုဘာ ၂၃ ရက်၊ ၂၀၀၈

အဝေးရောက် ကျွန်းပြန်ရဲဘော်တစုရဲ့ ဂုဏ်ပြုစာစောင်

]

# ဗန်းမော်တင်အောင် ကွယ်လွန်ခြင်း အနှစ်(၃၀) မြောက် အထိမ်းအမှတ်

အဝေးရောက် ကျွန်းပြန်ရဲဘော်တစုက ထုတ်ဝေသည်။

# "လင်းယုန်ကြီးအတွက် အထိမ်းအမှတ်"

၁။

ရာစုနှစ်တဝက်ခန့်မျှ အုပ်ချုပ်နေတဲ့ စစ်အစိုးရအဆက်ဆက်မှာ အထိမ်းအမှတ်နေ့တွေ များပါသည်။ နောင်လည်း တိုးပွားလာနိုင်သေးသည်။ ရာစုနှစ်တခုကျော် အုပ်စိုးသွားတဲ့ တိုင်းတပါးသားနယ်ချဲ့သမားတွေ လက်ထက်ကတောင် ဒီလောက်မများ၊ ဆယ်စုနှစ်တခုစာလောက် အုပ်ချုပ်ခဲ့တဲ့ ဖဆပလခေတ်မှာလည်း လက်ချိုးရေလို့ ရနိုင်သည်။

စစ်အစိုးရ(၅၈–၆၂) ကစလို့ ကနေ့အထိ–

– လမ်းမပေါ်မှာ
– ကျောင်းဝင်းထဲမှာ
– စက်ရုံ အလုပ်ရုံထဲမှာ
– ကျေးရွာတွေမှာ
– လယ်ကွင်းထဲမှာ
– ထောင်တွင်း အကျဉ်းစခန်းတွင်းမှာ
– တောင်ပေါ်မြေပြန့် စစ်မြေပြင်မှာ

အစုလိုက် အပြုံလိုက်ဖြစ်စေ၊ တယောက်ချင်းဖြစ်စေ သူတို့ကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြလို့ အသတ်ခံရသူတွေအတွက် အစေ့အင အထိမ်းအမှတ်လုပ်ကြမယ်ဆိုရင် ပြက္ခဒိန်တောင် ဆန့်မယ်မထင်ပါ။ ဒါပေမဲ့ ဒေသဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ၊ ဂုဏ်ယူတဲ့နေ့၊ ဝမ်းနည်းကြေကွဲရတဲ့နေ့တွေကတော့ ဆက်ရှိနေပါလိမ့်မည်။ တော်သင့်သလို အထိမ်းအမှတ်ပြုနေကြတာလည်း တွေ့ရသည်။

၂။

ဘယ်သူဖြစ်ဖြစ် လူတဦးကွယ်လွန်တဲ့အခါ လှိုင်း(၃) မျိုး ဂယက်ထ

ကျန်ရစ်လေ့ရှိသည်။

- သေပြီး မေ့မေ့ပျောက်ပျောက် ဖြစ်သွားသူ
- ခုမှ သေရသလားလို့ ကျိန်ဆဲခြင်း ခံရသူ
- မသေသေးသူများက တအောက်မေ့မေ့ အလွမ်းခံရသူ။

၃။

လင်းယုန်ကြီး အတောင်ရှတ်လိုက်တဲ့အခါ ပြည်သူများက ပုံစံ အမျိုးမျိုးနဲ့ ဂုဏ်ပြုခဲ့ကြသည်။ ကွယ်လွန်စဉ်က အပြေးအလွှား သချိုင်းအရောက် ပို့ဆောင်ခဲ့ကြသူကပို့၊ လွမ်းသူ့ပန်းခွေ လွမ်းသူ့ပန်းခြင်းထဲက ပန်းနီနီတွေ ဖြုတ်ယူပြီး ရင်မှာ ချိတ်သူက ချိတ်။

နောက်ပိုင်းမှာလည်း–

- စာရေးဆရာတွေက တမျိုး
- စာဖတ်ပရိသတ်ကတဖုံ
- နိုင်ငံရေးအဝန်းအဝိုင်းကတနည်း…ဂုဏ်ပြုခဲ့ကြသည်။

သူနဲ့ လက်ပွန်းတတီး နေထိုင်ဆက်ဆံခဲ့ကြတဲ့…

- ကိုလိုနီခေတ် ကျောင်းသား(သမဂ္ဂ) ရဲဘော်များ
- ဂျပန်တော်လှန်ရေးကာလ ရဲဘော်များ
- ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဝင်များ
- ထောင်ထွက် ကျွန်းပြန်ရဲဘော်များ
- ရန်သူ့စက်ကွင်း ကင်းလွတ်တဲ့ နေရာများမှ ရဲဘော်များ၊ မိတ် ဆွေများက တမျိုး–

… ပုံစံအမျိုးမျိုးနဲ့ နှမြောတသမှုတွေ ပြခဲ့ကြသည်။

အနာဂတ် ဗမာပြည်အတွက် ကိုကိုးကျွန်းမှာ သူနဲ့အတူ တိုက်ပွဲ ဝင်ခဲ့ကြတဲ့ ကျွန်တော်တို့တတွေကလည်း ပြည်သူများနည်းတူ သူကွယ်လွန်သွား ခြင်း နှစ် ၃၀ ပြည့်အဖြစ်– ဤစာအုပ်ငယ်ဖြင့် အထိမ်းအမှတ် ပြုလိုက်ပါသည်။

# ကျနော်တွေကြုံခဲ့ဖူးတဲ့
# ဦးလေးဗန်းမော်တင်အောင်

**ဖိုးသံ (လူထု)**

✳ ကျနော့်အသက် ၁၀နှစ်လောက်
ကျနော် ရန်ကုန်ထောင်ကို ခဏရောက်
အဖေနဲ့တွေ့၊ ဦးလေးနဲ့လည်းတွေ့
ကျနော်မူလတန်းကျောင်းသားရဲ့ သူရဲကောင်းကြီး
လွတ်လပ်ရေးခေတ် ထောင်မင်းသားကြီး
သူပုန်ကြီးနဲ့အမေကိုရေးသူ
(ဦးလေးရဲ့စာတွေကိုတော့ မဖတ်ဖူးသေးပါဘူး)
အကြားနဲ့ကိုးကွယ်ရတဲ့ပုဂ္ဂိုလ်
ဒီလိုနေရာမှာမှလာတွေ့ရ
သူ့အပါးမှာက–

ရွှေဓား
မိုးဟိန်း
မောင်နေဝင်း
လင်းယုန်မောင်မောင်
ဆန်းညွန့်ဦး ဦးလှခင်

"တန်း"ဝင်စာရေးဆရာတွေပေါ့။

✳ ချိုးဖြူအလံတွေက တဝဲဝဲ
မြတ်လေး၊ မာမာအေး၊ ရီလေးစသူတို့ရဲ့
တေးသံတွေက တဝေဝေ
တပြည်လုံးငြိမ်းချမ်းရေး
တကမ္ဘာလုံးငြိမ်းချမ်းရေး

ဝှဲချီးကြွေးကြော်
အော်ဟစ်တောင်းဆိုနေချိန်မှာ
ကျနော်တို့အိမ်ကိုရောက်လာတယ်
ဆရာကြီးသခင်ကိုယ်တော်မှိုင်း
ဗိုလ်ချုပ်ကျော်ဇော
ဒေါက်တာဆင်ဖိုး
ဒဂုန်တာရာ
နောက်ပြီး
'ပြည်တွင်းစစ်' စာအုပ်ရေးလို့
ထောင်နှစ်ရှည်ကျခဲ့တဲ့ဦးလေး
အရေးကြီးသမို့
အဝေးခရီးကို ထွက်ခဲ့ကြတာလေ။

✳ နောက်တခါကတော့
မစည်ကားအပ်သောနေရာ
ရေပတ်လည်ဝိုင်းနေသောနေရာ
အာဇာနည်တွေ ကျဆုံးတဲ့နေရာမှာ
ဦးလေးရယ်၊ ဦးမြသန်းတင့်ရယ်
လေထီးဗိုလ်အုန်းမောင်ရယ်၊ ဆရာရာဂျုန်ရယ်
ဦးခင်မောင်မြင့်ရယ်၊
(အန်ကယ်ကြီး)သခင်ခင်အောင်ရယ်
ခေါင်းဆောင်တွေ၊ သူရဲကောင်းတွေ
ကိုယ့်လိုသာမန်ရဲဘော်တွေ
ထင်းခုတ်၊ ခြံလုပ်
ရေထမ်း၊ ငါးဖမ်း
အလုပ်ကြမ်းတွေလုပ်ရင်း
သီချင်းဆို၊ ကြွေးကြော်သံတိုင်
အုန်းသီးစား၊ အစာငတ်ခံ
သေကံမရောက်၊ သက်မပျောက်ဘဲ
ကျန်ကောင်းလို့ကျန်
အိမ်ပြန်ရောက်ခဲ့ကြတယ်။

✳ ဦးလေးနဲ့တွေ့လေတိုင်း

ပုဂ္ဂိုလ်ထူးတွေ၊ လူတော်တွေနဲ့အတူ
သစ္စာ၊ မေတ္တာ
သီလ၊ သမာဓိ
ပညာ၊ သတ္တိ
ပြည့်ဝပါဘိ၊ တွေ့ရပါ၏။

ဒါပေမဲ့ တရက်မှာတော့
ထောင်ထက်လည်းမှောင်
ကျွန်းထက်လည်းစွန်း
တကမ္ဘာခြားကို ယွန်းလေတော့
ဦးလေးတယောက်တည်း
အဖော်လည်း မပါ
မဟုတ်တာ၊ မဟုတ်တာ
ရေဝေးသုသာန်မှာ
ရှမ်း၊ ဗမာ၊ ကချင်၊ ကရင်
ကုလား၊ တရုတ်၊ လူမျိုးစုံစွာ
သံဃာတော်များလည်းရောက်လာ
ခရစ်ယာန် သီလရှင်လည်း ပါ
သုဘရာဇာလည်း ပါ
ထုတ်ဝေသူလည်း ပါ
ဘိုးတော်တောင် ပါရဲ့
တိုက်ဖော်တိုက်ဖက်၊ ရေးဖော်ရေးဖက်
လေးစားသူ၊ ကြည်ညိုသူ
သူ့တန်ဖိုးသိသူတွေ
ဓမ္မတေးတစာစာ၊ ကြေးစည်သံလေး တသာသာနဲ့
နှင်းဆီနီတွေက ဝေဝေဆာဆာတဲ့
အသေလှတဲ့ ကျနော့်ဦးလေး
စောပေမယ့် ဖြေနိုင်ပါရဲ့
အော် – ငါ့အလှည့်ကျလည်း
သူ့လိုပဲသေချင်လိုက်တာ။ ။

**ဖိုးသံ (လူထု)**

# အထွေထွေ

* အနှီမျိုးစေ့ရဲ့ရဲ
ကြဲဖြန့်သွားသူ...

* ရုပ်ဝံလေလား
'ဒန်ကို' လား
ခွဲခြားပြောဖို့ခက်သူ...

* မပြောနိုင်တဲ့အချက်
ပြောရခက်တဲ့အကွက်တွေလည်း
ဆက်သိမ်းထုပ်ထားကြဆဲပါ။ ။

**ရဲဘော်စိုးချစ်**

# ဆရာ ဗန်းမော်တင်အောင်အား
# ပြန်လည် သတိရခြင်း

## မြတ်နိုး

### (တစ်)

"… ရဲဘော်က ကိုစိုးသိမ်းနဲ့ ညီအစ်ကိုတော်လား … "

"… ဘယ်ကိုစိုးသိမ်းလဲ… ဆရာ"… ကျွန်တော့်တွင် ညီအစ်ကို ဝမ်းကွဲတော်သူ ကိုစိုးသိမ်းရှိ၍ ထိုသို့မေးလိုက်မိသည်။

" … ပဲခူး … ကိုစိုးသိမ်းလေ… အရင်က ကျောင်းသားခေါင်းဆောင် ကိုစိုးသိမ်း "

" ဟုတ်ကဲ့ … အဲဒီကိုစိုးသိမ်းနဲ့တော့ ဘာမှ မတော်စပ်ပါဘူး ဆရာ…"

"ရဲဘော်က ပဲခူး ကိုစိုးသိမ်းနဲ့ ရုပ်ချင်းတော်တော်ဆင်လို့ မေးကြည့်တာပါ။"

ဤနှယ် ပဋိသန္ဓာရစကားများဖြင့် အစချီကာ ဆရာဗန်းမော်တင် အောင်နှင့် ကျွန်တော် စတင်သိကျွမ်းခဲ့ရခြင်း ဖြစ်ပါသည်။

အချိန်က ၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့ည…။

နေရာက နိုင်ငံရေးအကျဉ်းသား ၂၃၃ ယောက်အား ကိုကိုးကျွန်း သို့ပို့မည့် ပြည်တော်ညွန့်၏အချုပ် သင်္ဘောဝမ်းအတွင်းရှိ အခန်းလေးထဲမှာဖြစ်သည်။ ကျွန်တော်တို့လူငယ်တသိုက် သခင်ရန်ရွေ၊ ဆရာမြသန်းတင့်၊ ဆရာဗန်းမော်တင် အောင်တို့အနီးတွင် စုဝေးကာ စကားဝိုင်းဖွဲ့ကြသည်။ သိလိုသမျှ မေးကြ၊ ဆရာတို့ ရှင်းပြသမျှကို စိတ်ဝင်တစား နားထောင်ကြသည်။

အမှန်တော့ မြသန်းတင့်၊ ဗန်းမော်တင်အောင်ဆိုသည့် အမည်များကို

ရင်းနှီး နေခဲ့သည်မှာ ကြာပြီ။ သူတို့၏စာများ၊ အထူးသဖြင့် ဝတ္ထုများကို အလယ်တန်းကျောင်းသားဘဝမှာပင် စတင်ဖတ်ခဲ့ဖူးသည်။ သူတို့စာအုပ်များမှ ပေးသမျှ စိတ်ခံစားချက် အတွေးအခေါ်များကိုကား အပြည့်အဝရယူနိုင်ခဲ့သည်တော့ မဟုတ်။ အရွယ်ကလည်း ငယ်သေးသည်။ ပံ့ပိုးမည့်သူများရှိနေ၍ မပြတ်မလပ် ဆိုသလိုကား ဖတ်ဖြစ်ခဲ့သည်။ ကျွန်တော်တို့မြို့မှာ အကိုကြီးများသဖွယ်ဖြစ်သော ကျောင်းသားသမဂ္ဂ ခေါင်းဆောင်များက ကျွန်တော်တို့ ကျောင်းသားများအတွက် စာကြည့်တိုက်ထောင်ပေးထားသည်။ စာအုပ်များလည်း တော်တော်စုံသည်။ လင်းယုန်ဂျာနယ် အပါအဝင် တက္ကသိုလ်နှစ်ပတ်လည်မဂ္ဂဇင်းများနှင့် တာရာမဂ္ဂဇင်းဟောင်းများလည်း ရှိသည်။ ထိုစဉ်ကပင် ဇန်းမော်တင်အောင်ဆိုသော အမည်ကို ရင်းနှီးနေခဲ့သည်။

အထက်တန်းကျောင်းသားဖြစ်လာသောအခါ စာဖတ်အားပိုကောင်းလာသည်။ အတွေးအခေါ်ဆိုင်ရာ လေးနက်သည့် စာများကိုပင် ကြိုးစားဖတ်ရှုလာမိသည်။ မသိသည်များကို နီးစပ်ရာကျောင်းသား ခေါင်းဆောင်များထံမေးသည်။

ကျွန်တော်တို့ခေတ်က ကျောင်းသားခေါင်းဆောင်များမှာ စာအလွန်ဖတ်သည်။ အထူးသဖြင့် လက်ဝဲစာပေများကို အဖတ်များကြသည်။ ဆရာဇန်းမော်တင်အောင်၏ ဝတ္ထုများထဲမှ ဇာတ်လိုက်များကိုလည်း အားကျ အတုယူကြသည်။ ကျွန်တော်သည်လည်း ဆရာဇန်းမော်တင်အောင်အပါအဝင် တိုးတက်သော စာရေးဆရာကြီးများ၏ ဝတ္ထုများထဲမှ မဟုတ်မခံ မှန်ရာကို လုပ်တတ်သော ဇာတ်ကောင်များ၏ စိတ်ခံစားချက်ကို တဖြည်းဖြည်း အားကျလာသည်။ ဆင်းရဲသား နင်းပြားများဘက်မှ ရပ်တည်ကာ မတရားမှုကို ခုခံဆန့်ကျင်ခြင်းအား လူ့ဂုဏ် သိက္ခာအဖြစ်သဘောပေါက်လာခဲ့သည်။ အထက်တန်းကျောင်းသား လူပျိုပေါက်အရွယ်လေးဖြစ်သည့်တိုင် အပေါ်ယံ အပြင်အဆင် အဝတ်အစား အလှအပကို သိပ်အာရုံ မပြုမိတော့။ ပေါ်ပလင်ရှပ်လက်ရှည် အဖြူ လည်ကတုံး၊ သဲတော ဝမ်းတွင်းထွက် ဖျင်ပင်နီတိုက်ပုံ၊ လေးဆယ်ချည်လုံချည်ကွက်တုံးလောက်ဆိုလျှင် လုံလောက်နေပြီ။ ခေါင်းကလည်း ကတုံးဆံတောက်၊ ခုံဖိနပ်၊ ကားတာယာဖိနပ်စီးကာ ကျောင်းတက်ရသည်ကိုလည်း ဂုဏ်ငယ်သည်ဟု မထင်မိ။ မဟုတ်မခံ မှန်ရာလုပ်ဝံ့သော စိတ်ခံစားချက်ရှိရေးသာ အဓိကဟု သဘောပေါက်လာကာ မိမိကိုယ်ကိုယ် ယုံကြည်မှုလည်း တိုးလာခဲ့သည်။

ဆရာဇန်းမော်တင်အောင်အပါအဝင် တိုးတက်သော စာရေးဆရာကြီးများ၏ စာများကိုအဖတ်များလာသောအခါ ထိုဆရာကြီးများမှာ ကျွန်တော်၏ အာရုံ ပုံရိပ်ထဲမှာ စံပြများဖြစ်လာကြသည်။ သူတို့အား တွေ့ဆုံရင်းနှီးလိုစိတ်၊ သူတို့၏ ကန့်ကူ လက်လှည့် သင်ကြားပေးမှုကို ခံယူလိုစိတ်များလည်း ကိန်းအောင်းလာခဲ့သည်။ ထိုစဉ်ကမူ ကျွန်တော့်ဆန္ဒမှာ စိတ်ကူးအိပ်မက်မျှသာ ဖြစ်ခဲ့သည်။ ယခုမူ အိပ်မက်သည် တကယ့်ဘဝဖြစ်လာခဲ့ရလေပြီ။

ထိုညက အဓထက်တန်းကျောင်းသားဘဝမှာပင် တွေ့ဆုံခွင့်ရရန် ဆန္ဒပြင်းပြခဲ့သော မှတ်ဉာဏ်ပုံရိပ်ထဲမှ သူရဲကောင်းကြီးများ နှင့် တလှေတည်းစီး၊ တခရီးတည်းသွားခွင့်ရနေပြီဖြစ်သောကြောင့် ငရဲကျွန်းသို့ ခရီးနှင်နေရသည့် အဖြစ်ကိုပင် ကျွန်တော်မေ့လျော့ နေမိခဲ့သည်။

## (နှစ်)

နေ့ညမပြတ် အသံကုန်အော်ဟစ်ငိုကြွေးနေသော ပင်လယ်လှိုင်းခေါင်းဖြူကြီးများ အလယ်မှ အထီးကျန်ငရဲကျွန်း၊ ထို ငရဲကျွန်းပေါ်ရှိ သံဆူးကြိုး အထပ်ထပ် ကာရံထားသည့် စစ်အာဏာရှင် ဖက်ဆစ်အကျဉ်းစခန်း၊ လမိုက်ညများတွင် ရောမ ဆလိုက်မီးမောင်းကြီးဖြင့် မကြာခဏ ထိုးကြည့်လျက် ထောင်စောင့်လုံခြုံရေးများ၏ ဒေါက်ဒေါက်ခွပ်ခွပ် စစ်ဖိနပ်ခွာသံ။ သေနတ်ကျည်ထိုးသံ။ ကင်းလှည့်ချိန်။ စကား တီးတိုးပြောသံ။ တောင်ကုန်းထက် ကင်းတဲဆီမှ နာရီ သံချောင်းခေါက်သံ။ ပင်လယ်ကမ်းဦး သစ်နီပင်အိုကြီးထက်ဆီမှ သန်းခေါင်ယံ အကျည်းတန်ငှက်ဆိုး ထိုးသံ။

ကျွန်းဖက်ဆစ်အကျဉ်းစခန်းတွင် ဆရာဇန်းမော်တင်အောင်နှင့် ရဲဘော်အချို့က အဆောင်(၄)။ ဆရာမြသန်းတင့်နှင့် ကျွန်တော်တို့က အဆောင်(၉)။ စစ်ဘားတိုက်သဏ္ဍာန် အဆောင်နှစ်ဆောင်မှာ ထိပ်ချင်းဆိုင်ဖြစ်ပြီး ဝေးလည်း မဝေးလှ၊ အလွန်ဆုံး ခဲတစ်ပစ်စာလောက်သာရှိမည်။ အမှန်တော့ ထောင်သံဆူးကြိုးဝင်းအတွင်းရှိ အဆောင်နှစ်ဆောင်ကို အလယ်မှသံဆူးကြိုးဖြင့်ထပ်၍ ကန့်ထားခြင်းဖြစ်သည်။ ဆရာဇန်းမော်တင်အောင်နေသည့် အခြမ်းဘက်တွင် အဆောင် (၆)ဆောင်၊ ကျွန်တော်တို့ အခြမ်းဘက်တွင်လည်း အဆောင်(၆)ဆောင်။ သံဆူးကြိုးကာထားသော်လည်း ဟိုဘက်သည်ဘက် ကူးနိုင်သည့် သံဆူးကြိုးတပ် တံခါး တပေါက် ရှိသည်။ ရောက်စကတော့ ကူးသန်းခွင့်မရ။ သို့သော် ထိုကန့်သတ် ချက်များမှာ သိပ်မကြာလိုက်ပါ။ ဟိုဘက်သည်ဘက် အပြန်အလှန် ကူးသန်းကြခြင်းဖြင့် အလိုအလျောက် ပျက်ပြယ်သွားသည်။

ဆရာဇန်းမော်တင်အောင်ရှိရာ အဆောင်(၄)သို့ အခါအားလျော်စွာ ကျွန်တော်ရောက်ဖြစ်သည်။ ဆရာ့အိပ်ရာအနီးတွင် စုဝေးလေ့ရှိသော သက်ကြီး စကား သက်ငယ်ကြား စကားဝိုင်းတွင်လည်း မကြာမကြာထိုင်ဖြစ်သည်။

ဆရာဇန်းမော်တင်အောင်သည်လည်း ဆရာမြသန်းတင့်နည်းတူ အချိန်ကို စနစ်တကျ အသုံးချလေ့ရှိသူဖြစ်သည်။ အရေးပေါ်ကိစ္စရှိချိန်မှအပ အိပ်ရာထမှအိပ်ရာဝင်ချိန်အထိ အချိန်ဇယားနှင့်အလုပ်လုပ်သည်။ မနက်အိပ်ရာထချိန် အုန်းပင်စိုက် လေ့ကျင့်ခန်း (အိန္ဒိယယောဂီကြီးများကဲ့သို့ ဦးခေါင်းကို ကြမ်းပြင်ပေါ်သို့ ဇောက်ထိုးထားကာ ခြေနှစ်ချောင်းအား အပေါ်သို့ တည့်မတ်စွာထောင်ထားသည့်

လေ့ကျင့်ခန်း) လုပ်ချိန်။ စာရေးစာဖတ်ချိန်။ နေ့လယ်နာရီဝက်ခန့် မှေးစက်အနား ယူချိန်၊ ညနေခင်း လမ်းလျှောက်ထွက်ချိန်၊ ညနေ (၆) နာရီမှ (၉) နာရီလောက်အထိ ရဲဘော်များနှင့် စကားဝိုင်းဖွဲ့ချိန် စသည်ဖြင့် တနေ့တာလုပ်ရှားမှုကို စနစ်တကျ ဖြတ် သန်းလေ့ရှိသည်။

ကျွန်းပေါ်တွင် ဆရာ ဝတ္တရားမပျက်လုပ်သည့် အလုပ်များအနက် နံရံကပ်သတင်းစာရေးခြင်းလည်း ပါသည်။ ပင်လယ် ခရုနှင့် ယောက်သွားများကို မီးဖုတ်ရာမှရသော ထုံးဖြင့် မြေဖြူတောင့်လုပ်သည်။ ပီကင်း၊ ဘီဘီစီ၊ ဗွီအိုအေ၊ မြန်မာ့ အသံစသည့် အသံလွှင့်ဌာနများမှ ထူးခြားသည့်သတင်းများကို သတင်း သုံးသပ် ချက်နှင့်အတူ ထမင်းစားဆောင်အတွင်းရှိ သုံးထပ်သား သင်ပုန်းကြီးပေါ်တွင် စနစ် တကျ ကော်လံခွဲ၍ ရေးသည်။ ကျွန်းသက်တမ်းတလျှောက် ဆရာ၏နံရံကပ် သတင်း စာကို ကျွန်တော်တို့ အလေးထား ဖတ်ခဲ့ရသည်။ ရောက်လေရာအရပ်တွင် ဖြစ် သည့်နည်းဖြင့် အလင်းရောင်ပေးတတ်သည့် စာရေးဆရာ၊ သတင်း စာဆရာပေပဲ။

ဆရာမြသန်းတင့်က အိန်ဂယ်၏ ဒူးရင်းသို့ချေပချက် (**Anti During**) ကျမ်းရင်းကြီးကို ဘာသာပြန်နေချိန်၊ ဆရာ ဇန်းမော်တင်အောင်ကလည်း အိန်ဂယ်၏ သဘာဝအနုပဋိလောမ (**Dialect of Nature**) အမည်ဖြင့် ဘာသာပြန်နေကြောင်း သိရသည်။

ဆရာသည် သူယုံကြည်ရာ မာ့က်စ်ဝါဒအဘိဓမ္မာကိုသာ ပိုင်နိုင်စွာ လေ့လာထားသည်မဟုတ်။ ဘာသာရေးအရ နှစ်ခြင်း ခရစ်ယာန်ဝန်းကျင်မှ ကြီးပြင်း လာခဲ့သောဆရာသည် ဗုဒ္ဓအဘိဓမ္မာကိုလည်း အတွင်းကျကျ လေ့လာထား သူဖြစ်ကြောင်း ကိုယ်တွေ့ကြုံမှ သိလိုက်ရတော့သည်။ တနေ့ ဆရာ့အိပ်ရာသို့ ကျွန် တော်ရောက်သွားသည်။ ဆရာနှင့် တော်လှန်ရေးသမားကြီး လယ်သမားအဖိုးအို အဘကြင်တို့ ဆွေးနွေးနေကြသည်။ ဆွေးနွေးသည့်အကြောင်းအရာမှာ ဗုဒ္ဓ အဘိ ဓမ္မာနှင့်ပတ်သက်သော ရုပ်၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်။ ဗုဒ္ဓ အဘိဓမ္မာနှင့် ပတ်သက် သော ဆရာ၏ပြန်လှန်ဆွေးနွေးချက်များကို ကြားရသောအခါ ကျွန်တော် တအံ့တ သြဖြစ်ရသည်။ လက်ဝဲဝါဒီစာရေးဆရာကြီးတဦးက ဗုဒ္ဓ အဘိဓမ္မာနှင့်ပတ်သက်၍ ဤမျှ ခြေခြေမြစ်မြစ် လေ့လာနိုင်သည်ကို မထင်မှတ်ဘဲ သိလိုက်ရသောကြောင့် အံ့သြရခြင်းဖြစ်သည်။

ကျွန်တော်တဦးချင်းအရဆိုလျှင် မိမိယုံကြည်ရာ မာ့က်စ်ဝါဒကိုသာ လက်လှမ်းမီသမျှ လေ့လာခဲ့သည်။ အခြားအယူဝါဒတခုကို ဗဟုသုတအဖြစ်ပင် လေ့လာရကောင်းမှန်းမသိ။ အထူးသဖြင့် ဘာသာရေးဆိုင်ရာ စာပေ၊ အဘိဓမ္မာ များကို လေ့လာလျှင် မိမိ အသိုင်းအဝိုင်းမှ ရဲဘော်များ၏ အထင်အမြင်သေးမှုကို ခံရလေမလားဟုပင် စိုးရိမ်မိသေးသည်။ ဆရာ၏ အဘိဓမ္မာဆိုင်ရာ ဘက်စုံမှုကို တွေ့လိုက်ရသောအခါ ကျွန်တော်၏ “အဘိဓမ္မာဆင်းရဲခြင်း” အတွက် ကိုယ့်ကိုယ် ကိုယ် ပြန်သနားမိတော့သည်။

# (သုံး)

ညနေ (၆)နာရီမှ (၉) နာရီလောက်ထိ ဆရာ့အိပ်ရာအနီးတွင် စုဝေးကျင်းပလျက်ရှိသော သက်ကြီးစကား၊သက်ငယ်ကြား စကားဝိုင်းကလည်း ကျွန်တော်တို့အတွက် အဖိုးမဖြတ်နိုင်။ ရဲဘော်ငယ်များသိလိုသည့် အကြောင်းအရာများကို ဆရာနှင့် အန်ကယ်ကြီး သခင်ခင်အောင်က ဒိုင်ခံရှင်းပြသည်။

တို့ဗမာသခင် ခေတ်ဦးမှ နိုင်ငံရေးအဖြစ်အပျက်၊ အတွေ့အကြုံများကို အန်ကယ်ကြီးသခင်ခင်အောင်က လုံးစေ့ပတ်စေ့ ရှင်းပြတတ်သည်။ လုံးစေ့ပတ်စေ့ ဖြစ်သောကြောင့်လည်း အန်ကယ်ကြီး၏ ရှင်းပြချက်များမှာ တညနှင့်မပြီးတတ်။ သုံး လေး ငါး ည အခန်းဆက်များ ဖြစ်လေ့ရှိသည်။

ထိုနေရာတွင် အလျဉ်းသင့်၍ မှတ်တမ်းအဖြစ်ကျန်စေရန် အန်ကယ်ကြီး၏ အတွေ့အကြုံကို ဖောက်သည်ချချင်ပါသည်။

အန်ကယ်ကြီးအဖမ်းမခံရခင်ကဖြစ်သည်။ တနေ့တွင် လမ်းလျှောက်ရာမှ အိမ်သို့ပြန်လာသည်။ ဘယ်လက်တွင် ဆီချက် ခေါက်ဆွဲထုပ်၊ ညာလက်က တုတ်ကောက် ထောက်၍ လျှောက်လာသည်။ သူနှင့်မျက်နှာချင်းဆိုင်မှ ဂေါက်ရိုက်ထွက်လာသော ဗိုလ်နေဝင်း ယာဉ်တန်းနှင့် တနေရာတွင် တိုးသည်။ အန်ကယ်ကြီးကို မြင်သွားသော ဗိုလ်နေဝင်းက လက်ပြနှုတ်ဆက်သည်။ အန်ကယ်ကြီးကလည်း တုတ်ကောက်ကိုင်ထားသော ညာလက်ကို ပြန်မြှောက်ပြလိုက်သည်။ ဗိုလ်နေဝင်း ကားလွန်ပြီးနောက် ကားတစင်းထိုးရပ်ကာ စစ်သားနှစ်ယောက်က အန်ကယ်ကြီးကို ကားပေါ်ဆွဲတင်သွားသည်။ ဂေါက်ကွင်းရောက်မှ အကျိုးအကြောင်းရှင်းပြသဖြင့် ဗိုလ်နေဝင်းက ခေါ်တွေ့သည်။

"ဒီကောင်တွေ သခင်ခင်အောင်ကို မသိလို့ ခေါ်လာတာပါ။ ကိစ္စမရှိပါဘူး။ ခဏနေ ကားနဲ့ ပြန်ပို့ခိုင်းမယ်။ မင်းတို့ မှတ်ထားကြကွ — ဒါ သခင် ခင်အောင်ပဲ။ တိုင်းပြည်လွတ်လပ်ရေးတိုက်ပွဲမှာ သူတို့လည်း ပါခဲ့ကြတာပေါ့။ အယူအဆမတူလို့သာ ရန်သူတွေလို ဖြစ်နေကြတာ။ ကွန်မြူနစ်တွေသာ တောမခိုဘဲ အာဏာရအစိုးရဖြစ်နေရင် သခင်ခင်အောင်က ဝန်ကြီးတွေ ဘာတွေဖြစ်နေမယ့် ပုဂ္ဂိုလ်ကွ –" ဟု အနီးတွင်ရပ်နေသော စစ်ဗိုလ်အား ဗိုလ်နေဝင်းက ပြောသည်။ အကူအညီ လိုက ပြောရန်နှင့် ပုဂ္ဂိုလ်ရေးအရ ကူညီနိုင်ပါသည်ဟုလည်း အန်ကယ်ကြီးအား ပြောသည်။ အန်ကယ်ကြီးက ဗိုလ်နေဝင်း၏ ပုဂ္ဂိုလ်ရေးအကူအညီ ကမ်းလှမ်းလာမှုကို အလိမ္မာနဲ့ ငြင်းပယ်လိုက်သည်။။

"အန်ကယ်ကြီးကို ဒီကောင်တွေ ဘာလို့ ကားပေါ်ဆွဲတင်သွားကြတာလဲ" ဟု ကျွန်တော်က မေးမိသည်။

"ဗိုလ်နေဝင်းက လက်ပြတော့လည်း ကျွန်တော်ကလည်း လက်ပြန်

ပြတာပဲ ဗျ။ ဒါပေမဲ့ တုတ်ကိုင်ထားတဲ့လက်နဲ့ ပြလိုက်တော့ မင်းသတိထား ဆိုပြီး တုတ်မြှောက်ပြလိုက်သလို ဖြစ်သွားတယ်ထင်ပါရဲ့ဗျာ” ဟု ပြောရင်း အန်ကယ်ကြီးက တဟား ဟား ရယ်သည်၊

“အမှန်က ကွန်မြူနစ်တွေ တောထဲရောက်ကုန်အောင် သူ့လူတွေကပဲ လုပ်တာဗျ။ ပြီးတော့ သူကိုယ်တိုင်ကပဲ ကွန်မြူနစ် အပြုတ်တိုက်ရေးလုပ်နေတာ။ သူပြောပုံက ကွန်မြူနစ်ကပဲ အလုပ်မရှိအလုပ်ရှာ တောခိုတဲ့အပေါက်မျိုး။ ဒီလူ့အကျင့်က ဒီအတိုင်းပဲ။ သေတဲ့အထိ ပျောက်မှာ မဟုတ်ဘူး…. ” ဟု အန်ကယ်ကြီးက သူ့စကားကို အဆုံးသတ်သည်။

ဆရာဗန်းမော်တင်အောင်ကတော့ မာ့က်စ်ဝါဒအဘိဓမ္မာ၊ ဗမာပြည် လွတ်လပ်ရေးတိုက်ပွဲ၊ ပြည်တွင်းစစ်တရားခံ၊ ပြည်တွင်း ငြိမ်းချမ်းရေးလှုပ်ရှားမှု အတွေ့အကြုံ၊ ပါလီမန်ဒီမိုကရေစီ၏ သဘောသဘာဝ၊ ဗမာပြည် စစ်အာဏာရှင်စနစ်၏ သမိုင်းဇစ်မြစ် စသည့် နိုင်ငံရေးပြဿနာများနှင့် သတင်းစာလောက၊ စာပေလောကမှ အယူအဆရေး တိုက်ပွဲများအကြောင်း ရဲဘော်များ သိလိုသည့် ပြဿနာ အလိုက် ဆွေးနွေးပြတတ်သည်။

သတိထားမိသလောက် ဆရာသည် အကြောင်းအရာတစ်ခုကို ရှင်းပြရာတွင် အကြောင်းအရာ၏ ဇစ်မြစ်နှင့် အတိတ်သမိုင်းဖြစ်စဉ်ကို ပစ္စုပ္ပန် အခိုင်အမာအထိရောက်အောင် ပုံဖော်ပြသည်။ ပစ္စုပ္ပန် အခိုင်အမာကို ခွဲခြမ်းသည်။ ပြီးမှ ထိုအကြောင်းအရာ၏ အနာဂတ် အလားအလာကို ခန့်မှန်းပြသည်။ ဆရာ၏ စင်မြင့်ဟောပြောပွဲများကို ကျွန်တော်နားမထောင်ဖူးပါ။ ဆရာ၏ ထိုင်ဝိုင်းဆွေးနွေးပွဲများမှာမူ လေးမနေပဲ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။

ဆရာသည် သူ့ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်၍ကား ပြောခဲလှသည်။ သို့သော် တခါတွင် သူ့ဇနီးအပေါ် ဆရာ၏မှတ်ချက်ကို အမှတ်မထင် ကြားခဲ့ရဖူးသည်။ မည်သို့ အကြောင်းတိုက်ဆိုင်၍ ထိုသို့ပြောလိုက်သည်ကိုကား မမှတ်မိတော့။

“ကျနော့်ဇနီးက လောကဓံကို ခံနိုင်ရည်ရှိနေပါပြီ။ ဂျပန်တော်လှန်ရေးကာလကလည်း သူ့ကို ကရင်ရွာလေးတစ်ရွာမှာ အပ်ထားခဲ့ရဖူးတယ်။ ကရင်သင်တိုင်းဝတ်၊ ဝက်စာရှာ၊ ဝက်စာကျွေး၊ ဆန်ဖွပ်မောင်းထောင်း အလုပ်တွေကို တကယ့် ကရင်အမျိုးသမီး တစ်ယောက်လိုလုပ်ရင်း ဖြတ်သန်းခဲ့ရတာ။ အခက်အခဲတွေကို ရင်ဆိုင်နိုင်တဲ့ သူ့အစွမ်းသတ္တိကို ကျနော် စိတ်ချပါတယ် …”ဟု ဆရာက ပြောသည်။

ထို့ကြောင့်ပင် … “ကျွန်တော့်ဘဝမှာ “အတ္တ”ဆိုလို့ မခင်ဦးကို ချစ်တဲ့အချစ်တစ်ခုပဲရှိပါတယ်ဗျာ”ဟု မကွယ်လွန်မီ ဥဒါန်းကျူးခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

တခါတွင် ဆရာ့ ကလောင်အမည်နှင့်ပတ်သက်၍ ကျွန်တော် စပ်စုမိသည်။

“ ဗန်းမော်တင်အောင်ဆိုတော့ အတော်များများက ကျနော့်ကို ဗန်း မော်သားလို့ ထင်နေကြတာ။ အမှန် ကျနော့်ဇာတိက ပဲခူးဗျ။ ငယ်စဉ်က မိဘတွေနဲ့အတူ နယ်တကာ ပြောင်းရွှေ့နေထိုင်ရင်းနဲ့ ဗန်းမော်ကိုရောက်သွားတာ။ ဗန်းမော်မှာ ကျောင်းသားဘဝနဲ့ နံရံကပ်စာစောင်တွေရေးကြတော့ ကလောင်အမည်တပ်ရာမှာ တင်အောင်က နှစ်ယောက်ဖြစ်နေတယ်။ ဒါနဲ့ ကျောင်းအုပ်ဆရာကြီးက ကျနော့်ကို မင်းက ဗန်းမော်ကို အရင်ရောက်တော့ ရှေ့က ဗန်းမော်တပ်လိုက်ပေါ့ကွာလို့ ပြောတာနဲ့ အဲဒီကစ ဗန်းမော် တင်အောင် ဖြစ်သွားတာ...”ဟု ဆရာက ရှင်းပြသည်။

အန်ကယ်ကြီး သခင်ခင်အောင်ရော၊ ဆရာဗန်းမော်တင်အောင်ပါ မှတ်ဉာဏ်ကောင်းရာတွင် ထူးခြားသည်ဟု ထင်ပါသည်။ ဆယ်ခုနှစ်ပေါင်း အတော်ကြာကြာဖြစ်သော နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး တိုက်ပွဲကာလ အဖြစ်အပျက်များကိုပင် နေ့စွဲ၊ ရက်စွဲနှင့် ခရေစေ့တွင်းကျ ပြန်ပြောပြနိုင်ကြသည်။

ထို့ကြောင့်ပင် သခင်အဖိုးအိုနှင့် ဆရာဗန်းမော်တင်အောင်အား သက်ရှိ သမိုင်းစာအုပ်ကြီးများဟုပင် ကျွန်တော် သတ်မှတ်လိုက်မိသည်။

## (လေး)

ကျွန်တော်နှင့်တွေ့ချိန်တွင် ဆရာ့အသက် (၅၀)ရှိနေပြီ။ အရပ်ခြောက်ပေခန့်မြင့်သော်လည်း ရှည်ကိုင်းကိုင်းမဟုတ်။ လမ်းလျှောက်လျှင် ခေါင်းမတ်၊ ရင်ဖွင့် လျှောက်တတ်သည်။ မျက်လုံးမျက်ခုံးကောင်းကောင်း၊ လူပုံချောချောဖြစ်သည်။ ဒါကြောင့်လည်း အရွယ်ကောင်းစဉ်က ရုပ်ရှင်ရိုက်ရန် ကမ်းလှမ်းခြင်းခံရတာ ဖြစ်မည်။ အသက် ၅၀ အရွယ်အထိ လေးတိုင်စင်ဘားကို ကျွမ်းကျင်စွာ ကစားနိုင်ဆဲပင်၊ ကျွန်တော်တို့အဆောင်ရှေ့က လေးတိုင်စင်ဘားတွင် ဆရာကစားနေသည်ကို တခါတွေ့ဖူးသည်။ သမရိုးကျ ကစားနည်းသာမက၊ ဘားတန်းပေါ်တွင် ကင်းမြီးကောက် ထောင်ကာ ရှေ့ပြန်၊ နောက်ပြန် ကျွမ်းနှစ်ပတ်သုံးပတ်ပင် ပစ်၍ ကစားသည်။ အသက်လည်းကြီးလာပြီဖြစ်၍ အမောခံနိုင်ပုံကား မရ။ ငယ်စဉ်က လက်ဝှေ့ထိုးခဲ့သဖြင့် အံသွားများကားမရှိတော့။ အံကပ် တပ်ထားရပြီ။

စစ်သားကြီးပမာ ကျားကျားလျားလျားရှိသောဆရာသည် တယောထိုးပြန်တော့လည်း အဖိ၊ အဖွဲ့ အပွတ်အသတ်၊ ဘိုးပြန် စပ်ထွေနှင့် ပီရိခွဲနွဲ့ နေတတ်သည်။ သို့သော် ကြာကြာနားထောင်ခွင့်ကားမရပါ။ “တယော မကိုင်တာကြာတော့ လက်တွေက လိုသလို မရတော့ဘူးဗျ။” ဟုဆိုကာ တယောပြားလေးကို အသာအယာပြန်ချထားတတ်မြဲ။

ဆရာနှင့် တွေ့ဖူးသူတိုင်း တထပ်တည်းတူသောအမြင်မှာ ဆရာ၏ လူမှုဆက်ဆံရေး သိမ်မွေ့မှုဖြစ်သည်။ တူသားအရွယ် ရဲဘော်ငယ်လေးများကိုပင် ခင်ဗျားနှင့်၊ ကျွန်တော်နှင့်ပြောသည်။ မည်သည့်အခါမှ အပေါ်စီးက ဆက်ဆံလေ့မရှိ၊

ငါသိငါတတ် လုပ်လေ့မရှိ။ ရဲဘော်ငယ်အချို့က သတိလက်လွတ်ပြင်းပြင်းထန်ထန် ဝေဖန်လာလျှင်ပင် လေးလေးစားစား နားထောင်ကာ ညင်ညင်သာသာ တုံ့ပြန်တတ်မြဲ။ ဆရာ၏ထိုထူးခြားချက်ကြောင့်ပင် ဆရာနှင့်စကားပြောရမည်ကို မကြာခဏ တွန့်ဆုတ်ဆုတ် ဖြစ်ခဲ့ရသည်။ ဆရာမြသန်းတင့်နှင့်ကျတော့ အနေနီးပြီး အထိအတွေ့ ပိုများသောကြောင့်လားမသိ၊ စကားပြောရသည်မှာ ပို၍ လွတ်လပ်သလို ခံစားရ၏။ ဆရာမြသန်းတင့်နှင့်က အတူနေ အတွဲများသည့် တူနှင့်ဦးလေးလို။ ဆရာဇန်းမော်တင်အောင်နှင့်ကျတော့ ကိုယ့်အပေါ်ချစ်ခင်နွေးထွေးမှန်းသိပါလျက် အလိုလိုနေရင်း ရှိန်းနေမိသည့် ဘကြီး၊ ဘထွေးလို။

သို့သော် ဆရာ၏ လူမှုဆက်ဆံရေးပျော့ပျောင်းမှုမှာ နယ်နိမိတ်ရှိသည်။ အုပ်စိုးသူလူတန်းစားနှင့် ပတ်သက်လာလျှင်ကား စာရေးရာတွင်ဖြစ်စေ၊ ထိတွေ့ပြောဆိုရာတွင်ဖြစ်စေ ပြတ်သားသည်။ တခါတွင် ကျွန်းအကျဉ်းစခန်းသို့ ရောက်လာသော ထောင်မင်းကြီး ဦးငြိမ်းလှိုင် (ထင်သည်) က ပုဂ္ဂိုလ်ရေးအရ ခေါ်တွေ့သော လူကြီးတစ်ဦးစနှစ်ဦးစထဲတွင် ဆရာလည်း ပါသည်။ ပုဂ္ဂိုလ်ရေးအရ အကူအညီလိုပါက ပြောပါရန် ထောင်မင်းကြီးဦးငြိမ်းလှိုင်က ဆရာ့အားကမ်းလှမ်းသည်၊ ဆရာက သူ့တဦးချင်းပုဂ္ဂိုလ်ရေးကိစ္စကို ဘာမှမပြော။

"ကျနော့် ပုဂ္ဂိုလ်ရေးကိစ္စ ဘာမှပြောစရာမရှိပါဘူး၊ ခင်ဗျားတို့ အစိုးရနဲ့ ပက်သက်လို့တော့ ပြောချင်တယ်။ ခင်ဗျားတို့ အစိုးရဟာ တော်တော်တရားမဲ့တဲ့အစိုးရပဲ။ အပြစ်မဲ့တဲ့လူတွေကို ဖမ်းပြီး ကျွန်းပေါ်မှာ ကိုယ်ထူကိုယ်ထ အကျဉ်းချထားတယ်။ ဆယ့်ခြောက် ဆယ့်ခွန် အရွယ် ကျောင်းသားလေးတွေတောင်ပါတယ်။ အပြစ်ရှိတယ်လို့ ယူဆရင် တိုင်းသိပြည်သိကြေညာပြီး ရုံးတင်တရားစွဲပေါ့။ အခုတော့ လူသိမခံဝံ့ဘဲ ဒီကျွန်းလေးပေါ်မှာ ခိုးပြီး နှိပ်စက်နေတယ်။ ထောင်အခွင့်အရေးလည်း အပြည့်အဝ မပေးဘူး။ ပြောရရင်သတ္တိမရှိတဲ့ မိန်းမရှာအစိုးရပဲ " ဟုပြောခဲ့ ကြောင်း ဆရာပြန်ပြောပြသည်ကို မှတ်မိနေသည်။

## (ငါး)

ဆရာ့ပုံရိပ်ကိုဖော်ရာတွင် ဤစုတ်ချက်ကလေး တချက်လည်း တို့လိုက်ဖို့လိုမည်ဟုကျွန်တော်ထင်ပါသည်။

ကျွန်တော်တို့ ကျွန်းသို့ အပို့ခံခဲ့ရသော ၁၉၆၉ ခုကာလသည် တရုတ်ပြည်ကွန်မြူနစ်ပါတီအတွင်း ယဉ်ကျေးမှုတော်လှန်ရေး မုန်တိုင်းကြီး မွှေနေသည့်ကာလ။ ပါတီဗဟိုကို အမြောက်နှင့် ခွင်းကြဟူသော တော်လဲသံကြီး တုန်ဟည်းပဲ့တင်နေသည့်ကာလ။ ထိုမုန်တိုင်းနှင့်တော်လဲသံကြီးသည် ကျွန်တော်တို့ပါတီကိုလည်း ပြင်းစွာရိုက်ခတ်လာခဲ့သည်။ ကျွန်းပေါ်ရှိထောင်တွင်းပါတီသည်လည်း ရှောင်လွှဲ၍မရခဲ့။

ထိုမုန်တိုင်းကြီး၏ဒဏ်ကို ကျွန်းပါတီကော်မတီခေါင်းဆောင်ကြီးများ အလယ်အလတ် ခေါင်းဆောင်များ၊အောက်ခြေ ပါတီဝင်နှင့် ပါတီလိုလားသူများပါမကျန် မတူသည့် အတိုင်းအတာများအရ ရင်ဆိုင်ခဲ့ကြရသည်။ ဆရာဇန်းမော်တင်အောင်လည်း ထိုမုန်တိုင်းဘေးမှ မလွတ်ခဲ့။ တချိန်က ဆရာ၏ လူကြိုက်များ ကျော်ကြားသော “မြိုင်” ဝတ္တုကြီးသည်ပင် ရန်သူလူတန်းစားနှင့် စေ့စပ်ရေးလမ်းစဉ်၏ ပြယုဂ်တစ်ခု အဖြစ် အချို့က ပုံဖော်ကြသည်။ ခေတ်ဟောင်း အချစ်သီချင်းကြီးကို ညည်းမိသည့် ဆရာ မြသန်းတင့်သည်လည်း မလွတ်။ နေ့စဉ် နေထိုင်မှုဘဝ အတွင်းမှ သာမန်ကိစ္စ လေးသည် အတွေးအခေါ်ကိစ္စကြီးဖြစ်လာတတ်သည်။ အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ် အကြား ချိန်ခွင်လျှာမျှမှု မှာ သဟဇာတမဖြစ်ချင်တော့။

ထိုကာလများအတွင်းက ပါတီအသိုင်းအဝိုင်းအတွင်း နေ့စဉ်နေထိုင်မှု မှအစ ဘုံသဘောကိုထိန်းသိမ်းရန် ကြိုးပမ်းကြသည်။ ပမာအားဖြင့် ဆေးလိပ် သောက်သူများအတွက် ဆေးပေါ့လိပ်၊ ပွတ်ချွန်းများကို ဘုံစနစ်ဖြင့်စုစည်းကာ နေ့စဉ်ခွဲတမ်းဖြင့် ဝေသည်။ စားသောက်ရာတွင်လည်း ပန်းကန် ခွက်ယောက် ဇွန်း စသည်တို့ကို ထမင်းစားဆောင်မှာပင် စုထားသည်။ စားချိန်ကျမှ အသီးသီးယူကာ သုံးစွဲသည်။ ထိုကာလမျိုးတွင် ဆရာဇန်းမော်တင်အောင်က ဇွန်း၊ ပန်းကန်၊ မတ်ခွက်များကို သီးသန့်ခွဲ၍သုံးသည်။ စားသောက်ပြီးလျှင် အိပ်ဆောင်မှာပင် သီးသန့်သိမ်းသည်။ ဤသည်ကို ရဲဘော်ငယ်အချို့ကအမြင်မကြည်ကြ။ သီးသန့် ဆန်သည်။ ရဲဘော်ထုနှင့်ကင်းကွာသည်ဟု ယူဆကြသည်။ ဆရာနှင့်တွေ့ဆုံကာ တိုက်ရိုက် ဝေဖန်ခြင်း ရှိမရှိကိုကား ကျွန်တော်မသိ။ ထိုအသံဗလံများကို ကြားရ၊ မြင်ရဖန် များသောအခါ ကျွန်တော်စိတ်ဆင်းရဲသည်။ ဆရာ့အတွက်လည်း စိတ်မကောင်းဖြစ်ရသည်။ ကိုယ်တိုင် ဆရာနှင့် တွေ့ဆုံဆွေးနွေးလိုသော်လည်း အားနာစိတ်ကြောင့် တုံ့ဆိုင်းနေသည်။ အမှန်တကယ်လည်း ဤကိစ္စသည် နိုင်ငံ ရေးအတွေးအခေါ်ကိစ္စကြီးမဟုတ်။ အလေးအနက် ဆွေးနွေးစရာဟုပင် ကျွန်တော် မထင်။ သို့ဆိုသဖြင့် ဘုံကိစ္စကို လျစ်လျူရှုခြင်း မဟုတ်ပါ။ ဘုံနှင့်ပုဂ္ဂလိက အခြားကိစ္စ ဆက်စပ်မှု ချိန်ခွင်ညှာမမျှဟု ယူဆမိခြင်း သာဖြစ်သည်။ နောက်ဆုံးတွင်ဆရာ့အပေါ် ထောက်ထားစာနာသောစိတ်က ဆရာနှင့်တွေ့ဆုံရန် ကျွန်တော်အား တွန်းပို့လိုက် သည်။ တရက်တွင် ဆရာ့ထံသွား၍ အကျိုးအကြောင်းကို အားနာနာနှင့်ပင် ပြောပြမေးမြန်းမိသည်။ ကျွန်တော့်စကားကို နားထောင်နေရင်း အဝေးဆီသို့ ဆရာငေးကြည့်နေသည်။ ဆရာ့မျက်နှာပေါ်မှ ဝေဒနာရိပ် မှုန်ရေးရေးကို ကျွန်တော် သတိပြုလိုက်မိသည်။

“ ရဲဘော်ရေ... ကျနော့်မှာက တီဘီရောဂါရှိနေတယ်ဗျ။ ပန်းကန်ခွက် ယောက်တွေကို အများနဲ့ရောသုံးရင် ကျနော့်ရောဂါ တခြားရဲဘော်တွေကို ကူးမှာ စိုးရိမ်မိတယ်။ အဲဒါကို ဆင်ခြင်ပြီး သီးသီးသန့်သန့်သုံးရတာပါ”

ဆရာ၏ရှင်းပြချက်ကြောင့်ကျွန်တော့်ရင်မှာ လှိုက်ခနဲဖြစ်သွားသည်။ ဝမ်း

နည်းခြင်းလား၊ ဝမ်းသာခြင်းလား ကျွန်တော် မခွဲခြားတတ်။ နှစ်ခုလုံး ဖြစ်နိုင်ဖွယ် ရှိသည်။

ကျွန်းပါတီကော်မတီသည် စစ်အစိုးရ၏ ဖိနှိပ်မှုအား အစာတော်ခံတိုက်ပွဲများဖြင့် တုံ့ပြန်ဆင်နွှဲရင်း ပါတီတွင်းညီညွတ်ရေး၊ အကျဉ်းသားထုညီညွတ်ရေး အတွက် အမှန်တကယ်ပင် ကြိုးပမ်းခဲ့ပါသည်။ သို့ရာတွင် မှန်တိုင်းထန်နေသော ကောင်းကင်ယံတွင် ပျံသန်းနေသော ငှက်တအုပ်အား တကွဲတပြားမဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ရသည်မှာ ထင်သလောက်မလွယ်လှပါ။

## (ခြောက်)

"ဂုဏ်သိက္ခာရှိမှ ဂုဏ်သိက္ခာထိန်းသိမ်းမှုရှိတယ်။ ဂုဏ်သိက္ခာမရှိရင် ဂုဏ်သိ က္ခာထိန်းသိမ်းမှုဆိုတာလည်း မရှိနိုင်ဘူး။ ကွန်မြူနစ်တွေမှာ ကွန်မြူနစ်ဂုဏ် သိက္ခာ ရှိတယ်။ ကွန်မြူနစ်မှန်ရင် ကွန်မြူနစ်ဂုဏ်သိက္ခာကို ထိန်းသိမ်းဖို့ တာဝန်ရှိ တယ်"

ကွယ်လွန်သွားခဲ့ပြီဖြစ်သော မျိုးဆက်ဟောင်းရဲဘော်ကြီး ရဲဘော် မြတ်မင်း သွန်သင်ခဲ့သော စကားတခွန်းဖြစ်ပါသည်။ ဆရာ ဇန်းမော်တင်အောင် အကြောင်းတွေးလိုက်သည့်အခါ ထိုသွန်သင်ချက်စကားတခွန်း ကျွန်တော့်အတွေး တွင် အလိုလို ပေါ်လာပါသည်။

မှန်ပါသည်။ ဆရာသည် သူ တန်ဖိုးထားရာ ဂုဏ်သိက္ခာကို သိစိတ် ရှိစွာ ထိန်းသိမ်းနိုင်စွမ်းရှိသူဖြစ်ပါသည်။ တခုလုံးအရပြောလျှင် အဖိနှိပ်ခံ ပြည်သူတို့၏ ဂုဏ်သိက္ခာ။ တခုချင်းအရပြောလျှင် ဇန်းမော်တင်အောင်၏ဂုဏ်သိက္ခာ။

ဆရာသည် အတွေးတမျိုး အပြောတမျိုး၊ အပြောတမျိုး အလုပ် တမျိုး လုပ်လေ့ရှိသူမဟုတ်ပါ။ သူ့ဘဝတလျှောက် အတွေး၊ အပြော၊ အလုပ် တထပ် တည်းကျအောင် ကြိုးစားခဲ့သူ၊ အဖိနှိပ်ခံပြည်သူများတွေးသလို၊ ပြောသလို၊ လုပ်သလို တထပ်တည်းကျအောင် သီလစောင့်သူ၊ အကျင့်စရဏရှိသူဟု ကျွန်တော်ယုံကြည်ပါ သည်။

သူ့ဘဝတလျှောက်လုံး သူ့ကလောင် သူ့အတွေးအခေါ်တို့ဖြင့် ပြည်သူ့ဘက်မှရပ်ကာ ဖိနှိပ်သူလူတန်းစားအား အဆက်မပြတ် တိုက်ပွဲဝင်ခဲ့ပါသည်။ ပြည်သူ့အပေါ် ဘယ်အခါမှ သစ္စာမဖောက်ခဲ့။ ရန်သူထံ ဘယ်အခါကမှ ဒူးထောက် အညံ့မခံခဲ့။

ကျွန်းအကျဉ်းခံဘဝမှာလည်း အကျဉ်းသားထုအကျိုးစီးပွားအတွက် ရက်လေးဆယ် အစာတော်ခံ တိုက်ပွဲကြီးတွင် ရှေ့ဆုံးမှ ပါဝင်ခဲ့သည်။ ရက်လေး ဆယ်နှင့် အောင်ပွဲရခဲ့သောကြောင့် ရက်လေးဆယ်တိုက်ပွဲဟု ခေါ်နေကြသော်လည်း တိုက် ပွဲစစဉ်က ရက်လေးဆယ်နှင့် အောင်ပွဲရလိမ့်မည်ဟု မည်သူမှ အာမခံနိုင်မည်မဟုတ်။

ယေဘုယျ ခန့်မှန်းတွက်ချက်မှုများ ရှိသည့်တိုင် ခန့်မှန်းထားသည်ထက်လည်း ပိုနိုင်၏။ အောင်ပွဲခံသည်အထိ မိမိ အသက်ရှင် ကျန်ရစ်လိမ့်မည်ဟုလည်း မည်သူမှ မပြောနိုင်။ ပြည်သူ့ ဂုဏ်သိက္ခာ ၊ ကွန်မြူနစ်ဂုဏ်သိက္ခာ၊ မိမိပုဂ္ဂိုလ်တစ်ဦးချင်း ဂုဏ်သိက္ခာကို ထိန်းသိမ်းရန် သံန္နိဋ္ဌာန်ရှိသူများသာ ပါဝင်ဆင်နွှဲနိုင်သော တိုက်ပွဲမျိုးဖြစ်သည်။

အသက် ၅၀ အရွယ် ဆရာသည် လူငယ်ရဲဘော်များနှင့် ရင်ပေါင်တန်းကာ ရက်လေးဆယ် အစာတော်ခံတိုက်ပွဲကြီးတွင် ရဲဝံ့တည်ကြည်စွာ ပါဝင်ခြင်းဖြင့် သူတန်ဖိုးထား မြတ်နိုးသော ဂုဏ်သိက္ခာကို ထိန်းသိမ်းခဲ့ပါသည်။

## (ခုနှစ်)

၅၃ ရက်အစာတော်ခံတိုက်ပွဲကြီးမှာ ငရဲကျွန်းအား အပြီးသတ်ချေမှုန်းလိုက်သည့်တိုက်ပွဲကြီးဖြစ်သည်။ ထိုတိုက်ပွဲကြီးအတွင်း ကွန်မြူနစ်ပါတီဝင် ရဲဘော် (၈)ဦး အသက်ပေးလှူခဲ့ရသည်။ စစ်အစိုးရက နိုင်ငံရေးအကျဉ်းသားအားလုံးအား ပြည်မသို့ ပြန်ခေါ်ခဲ့ရသည်။ သို့ရာတွင် ပြည်တော်ပြန်ခရီးသည်လည်း ပန်းခင်းလမ်းတော့ မဟုတ်ခဲ့။ သဘော်အဆင်း ကျန်းမာရေးဆိပ်ကမ်းမှစပြီး အင်းစိန် ထောင်ဖူးဝအထိ ပုံစံမထိုင်ရေးတိုက်ပွဲကို တိုက်ကြရပြန်သည်။

ပုံစံမထိုင်သူများကို စောင်အုပ်ကာ ဆဲဆိုရိုက်နှက်ကြသည်။ အပြုံပြုံအလဲလဲ သွေးသံရဲရဲနှင့်။

"အကြမ်းဖက်မှု ...အလိုမရှိ...အလိုမရှိ"

"စစ်အစိုးရ... ကျဆုံးပါစေ...ကျဆုံးပါစေ"

အင်းစိန်ထောင်ဖူးဝမှ အရုဏ်ဦး တိုက်ပွဲမှာ ရိုက်သံ၊ နှက်သံ၊ ကြွေးကြော်သံများနှင့် ညံပွက်သွားတော့သည်။

၁၉၇၂ ခုနှစ်၊ မတ်လ ထောင်မှ လွတ်ချိန်အထိ ကျွန်တော် အဆောင်သို့မရောက်တော့။ အလုံတိုက်အပါအဝင် တိုက်ခန်းများ အတွင်း၌သာ သံသရာလည်နေခဲ့ရသည်။

ထောင်မှလွတ်ပြီး ၁၉၇၄ ခုနှစ်တွင် ကျွန်တော်ရန်ကုန်သို့ တခေါက်ရောက်ဖြစ်သည်။ ဆင်းရဲသော ရဲဘော်မိသားစုများအတွက် ပါလာသော ကျွန်တော့်ယာထွက် ငရုတ်သီးခြောက်အိတ်ကြီးကို တည်းခိုအိမ်ရှင် ရဲဘော်ကြီးထံ အပ်လိုက်သည်။ ရဲဘော်များ၊ မိတ်ဆွေများအား တအိမ်ဝင်၊ တအိမ်ထွက် သွားတွေ့သည်။ ဆရာဇန်းမော်တင်အောင်ကိုကား ကျွန်တော်စားပွဲထိုး လုပ်ကူနေသော အိမ်ရှင် ရဲဘော်ကြီး၏ ပလက်ဖောင်းလက်ဖက်ရည်ဆိုင်လေးတွင် နာရီဝက် လောက်သာ စကားပြောခွင့်ရလိုက်သည်။ နောက်တကြိမ် ဆရာနှင့်တွေ့ရန် စိတ်ကူးရှိသော်လည်း အရေးပေါ်ကိစ္စပေါ်လာသဖြင့် မတွေ့နိုင်တော့ပါ။ ထိုရက်က တွေ့ဆုံခြင်းသည် ဆရာနှင့်ကျွန်တော်၏ နောက်ဆုံးတွေ့ခြင်းလည်း ဖြစ်သည်။ ရန်ကုန်သို့လည်း

နောက်ထပ် မရောက်နိုင်တော့။

၁၉၇၈ ဆရာကွယ်လွန်ချိန်တွင်မူ ကျွန်တော်သူပုန်ဝရမ်းပြေးဘဝသို့ ရောက်နေခဲ့ပြီ။

ယခုဆိုလျှင် ဆရာကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း(၃၀)တိုင်ခဲ့ပါပြီ။ ဆရာ၏ အသက်ရှင်စဉ်ဘဝသည် အစမှအဆုံးတိုင် အဖိနှိပ်ခံ ပြည်သူတို့အတွက် တိုက်ပွဲဝင်ရင်း ကိုယ်ကျိုးစွန့် အနစ်နာခံမှုတို့ဖြင့် အသားကျနေသော ဘဝဖြစ်ပါသည်။ ကြီးမြတ်စွာ အသက်ရှင်၍ ဂုဏ်မြောက်စွာ သေဆုံးခဲ့သောဘဝ ဖြစ်ပါသည်။

ကျွန်တော်တို့သည် တိုက်ပွဲဝင်သူရဲကောင်းများ၊ တိုက်ပွဲဝင်စာပေ ခေါင်းဆောင်ကြီးများ ကျဆုံးကွယ်လွန်ပြီးနောက် ၎င်းတို့အား ဂုဏ်ပြု ဥဒါန်းကျူး လေ့ရှိကြပါသည်။ အမှန်ပင် မပျက်မကွက် လုပ်ကြရမည့်တာဝန်လည်း ဖြစ်ပါသည်။ သို့ရာတွင် သူတို့အသက်ရှင်စဉ်ကမူ သူတို့၏တခုလုံးဆိုင်ရာ အားကောင်းချက်များကို မကြာခဏ မေ့လျော့ထားတတ်ကြပါသည်။ သူတို့၏ တစိတ်တပိုင်း အားနည်းချက်များကိုကား မမေ့မလျော့–စာဖွဲ့ဇာချဲ့တတ်ကြပါသည်။ ဤနည်းဖြင့် သူတို့၏ စိတ်အား နာကျင်ဆင်းရဲစေခဲ့ပါသည်။ ဤသည်မှာ ကြေကွဲဝမ်းနည်းဖွယ်ရာ သင်ခန်းစာဟု ကျွန်တော်ထင်ပါသည်။

တကယ်တော့ ကျွန်တော်တို့အားလုံး အကြွင်းမဲ့သန့်စင်သူများ မဟုတ်ကြပါ။ အကြွင်းမဲ့ သန့်စင်သူဟူ၍လည်း မရှိနိုင်ပါ။ မြင့်မြင့်ပျံကာ၊ ဝေးဝေး မြင်နိုင်စွမ်းရှိသော ငှက်ဘုရင်လင်းယုန်များသည်ပင် ကံမကောင်း အကြောင်း မလှစွာ ပင် ကြက်မတဝတ်စာ အနိမ့်တွင်ပျံရသည့်အခါမျိုး ရှိတတ်ပါသည်။ နက်ရှိုင်း ပြာမှောင်သောဟင်းလင်းပြင်မှ ကိုယ်ပိုင်အလင်းဆောင် ကြယ်တာရာများသည်ပင် အကြောင်းအားလျော်စွာ အရောင်မှိန်ဖျော့ရသည့်အဖြစ်မျိုး ကြုံရသည်သာ ဖြစ်သည်။

ကျွန်တော်တို့သည် ကိုယ်ပိုင်အလင်းဆောင်ကြယ်တာရာများ၊ မြင့်မြင့်ပျံ၍ ဝေးဝေးမြင်နိုင်သော ငှက်ဘုရင် လင်းယုန်များ၏ ဂုဏ်ပြောင်စွာ သေဆုံးမှုကိုသာမက ၎င်းတို့၏ အသက်ရှင်စဉ် ကြီးမြတ်မှုကိုပါ အသက်ထင်ရှား ရှိနေချိန်မှာပင် အသိမှတ်ပြုသင့်ပါသည်။ သူတို့၏ တစိတ်တပိုင်း ချွတ်ယွင်းချက်များအား စာနာစိတ်ဖြင့် ကြင်နာစွာ ပြုစုကုသသင့်ကြပါသည်။ ဤနည်းဖြင့် သူတို့အပေါ် မြတ်နိုးတန်ဖိုးထားကြောင်း သူတို့မသေဆုံးမီကပင် ပြသသင့်ပါသည်။

မည်သို့ဖြစ်စေ အတိတ်တချိန်က ကျွန်တော်တို့၏ငှက်ဘုရင် လင်းယုန်ကြီး ဆရာဗန်းမော်တင်အောင်အပေါ် ဝစီကံ၊ မနောကံတို့ဖြင့် ကံပြုမှားခဲ့ကြဖူးသော ရဲဘော်များ(ထိုစဉ်က ရဲဘော်ငယ်များ)၊ မိတ်ဆွေများကလည်း သူတို့၏အမှားများကို ဝန်ချခဲ့ကြပြီးပါပြီ။ ထိုအတွက်လည်း သာဓုခေါ်ရမည်ဖြစ်ပါသည်။

ကျွန်တော်တစ်ဦးချင်းအရဆိုရပါမူ ဆရာဗန်းမော်တင်အောင် ကွယ်လွန်ခြင်း အနှစ်သုံးဆယ်ပြည့် အထိမ်းအမှတ်အဖြစ် သစ္စာတိုင် ဆုတောင်းခြင်း အမှုတခု ပြုချင်ပါသည်။

အို… လောကပါလ ဓမ္မစောင့်နတ်…
သင့်အားတိုင်တည်၍ ငါ သစ္စာဆိုအံ့…။

ငါ–သည် ဆရာဇန်းမော်တင်အောင် သက်ရှိထင်ရှားရှိစဉ်ကလည်း သူ၏အသက်ရှင်စဉ် ကြီးမြတ်မှုကို အသိအမှတ်ပြုတန်ဖိုးထားခဲ့ပါသည်။

ငါ့ ဆရာ– ဂုဏ်ပြောင်စွာ ကွယ်လွန်ပြီးနောက်တွင်လည်း သူ၏စိတ်ဓာတ်ကောင်းမွေကို ဆက်ခံရန် သန္နိဋ္ဌာန်ချခဲ့ပါသည်။

ဤမှန်သောသစ္စာစကားကြောင့်– ဆရာစက်ဆုပ်ရွံရှာသော ပြည်တွင်းစစ်နှင့်အတူ စစ်အာဏာရှင်စနစ် အမြန်ကျဆုံး၍ ဆရာလိုလားတောင့်တသော ပြည်တွင်းငြိမ်းချမ်းရေးနှင့်တကွ ပြည်သူတို့၏ ဒီမိုကရေစီအရေးတော်ပုံကြီး အောင် မြင်ပါစေသတည်း။ ။

မြတ်နိုး

# ရက် ၄၀ တိုက်ပွဲအတွင်းမှ လင်းယုန်ကြီး

## ရဲဘော်စိုးချစ်

### (ပြန်လည်သတိရချက်များ)

ပြည်တော်ညွန့်သဘော်...

အတူလာခဲ့ကြသူတွေကလွဲလို့ တွေ့လိုက်ရတဲ့ သူတိုင်းဟာ မျက်နှာစိမ်းချည်း ဖြစ်နေပါတယ်။ သို့သော် အားလုံးကတော့ ဘဝတူတွေပါ။ မျက်နှာစိမ်းတွေဆိုရပေမယ့် အများစုဟာ ရင်းနှီးပြီးသားဆိုရင်လည်း မမှားပြန်ပါဘူး။ နာမည်ကြားဖူးတာလည်း ရှိမယ်။ သတင်းစကားနဲ့ သူ့အကြောင်း ကိုယ့်အကြောင်း အပြန်အလှန် သိနေကြတာလည်း ရှိတယ်။ ခုတော့ တယောက်ကိုတယောက် တစုကိုတစု အကဲခတ်လျက်ပဲ ရှိကြတယ်။ ကိုယ့်အချင်းချင်း ထင်မြင်ချက် တိုးတိုးပေးကြ၊ လူစိမ်းများကို အသိအမှတ်ပြုဟန် လှမ်းပြုံးပြလိုက်ကြနဲ့ ဂနာမငြိမ်ဖြစ်နေကြတာတော့ အမှန်ပါ။

ကြာပါပြီ။ လွန်ခဲ့တဲ့ နှစ် ၃၀–လောက်က အဖြစ်အပျက်ပါ။ အတိအကျပြောရရင်တော့ ၁၉၆၉–ခု ဖေဖော်ဝါရီ လ (၁၂) ရက်အလွန်၊ ညသန်းခေါင်ကျော်၊ နေရာက ပြည်တော်ညွန့်သဘော် အောက်ထပ် ဝမ်းဗိုက်ပိုင်း...မှာပါ။

အားလုံးက အထုပ်အပိုးလေးတွေကိုယ်စီနဲ့၊ အဝတ်အစားရယ်၊ စာအုပ်တွေရယ်...တချို့ကျတော့ ဆေးဝါးနဲ့ စားစရာလေးအနည်းအပါး ထည့်ထားတဲ့ လက်ဆွဲတန်ဆာကလေးတွေရယ်...အလွန်ဆုံးပါလှ ၂ ထုပ် ၃ ထုပ်ပါပဲ။ ဒါတောင် သူတို့က ပြောလိုက်ကြသေးတယ်။ "တသက်လုံး ထားမှာမို့"တဲ့...

ဒါကြောင့် ထင်ပါရဲ့။ ဖမ်းစဉ်က ပါလာတဲ့ ပစ္စည်းလေးတွေနဲ့ နှစ်ရှည်လများ အကျဉ်းချခံရစဉ် အိမ်ကမှာဖတ်တဲ့ စာအုပ်တွေပါ တချို့က ရလာခဲ့ကြတယ်။

ကျန်းမာရေးဆိပ်ကမ်းကို ညနက်သန်းခေါင် အင်းစိန်ထောင်က ထွက်လာတဲ့ ဟီးနိုးကားကြီးတွေ တစီးပြီးတစီး ထိုးဆိုက်တာနဲ့ တယောက်စီ ကိုယ့်အထုပ်ကို ဆွဲတန်တာဆွဲ၊ ပိုးတန်တာပိုးပြီး ဆိပ်ခံပေါ်ကတဆင့် သင်္ဘောပေါ် တက်ကြရတယ်။ ဘေးနှစ်ဘက်မှာ G-3 သေနတ်ကိုယ်စီနဲ့ စစ်သားတွေ အပြည့် စီတန်းနေကြတယ်။ ဒီ ကိုယ်ရံတော် ဂုဏ်ပြုတပ်ဖွဲ့ကို ဖြတ်လျှောက်စဉ်၊ တွဲဘက် ထောင်မှာ ပိတ်လှောင်ခံထားရလို့ ချည့်နေတာရယ်၊ ဝန်ထုပ်ဝန်ပိုးတွေ သယ်ပိုးထားရ တာရယ်၊ ရာသီဥတုကလည်း အေးစက်ထုံကျင်နေတာရယ်ကြောင့် လူက ခြေလှမ်း မမှန်ချင်။ အတက်မှာ တချက်ယိုင်ပြီး ဘေးဘက်ရောက်သွားလိုက်၊ ကိုယ်ရံတော်များ က G-3 ကို ပြားလိုက်ကပ်ပြီး တွန်းထုတ်လိုက်နဲ့ သင်္ဘောပေါ် ဒယီးဒယိုင် ရောက် သွားပါတော့တယ်။ ဖြစ်စဉ်တခုလုံးမှာ နားချိန်မရ၊ ဆက်တိုက်လိုလိုပင် သင်္ဘော ဝမ်းဗိုက်ထဲ အဆင်းခိုင်းပြန်ပါတယ်။ လှေကားက နှစ်စင်း၊ ဟိုဘက်ဒီဘက် ယှဉ် လျက်ပါ။ ဆင်းချင်တဲ့ဘက်က ဆင်းလို့ရပါတယ်။ လေး...ငါးလှမ်း လှမ်းဆင်းလိုက်တာနဲ့ အောက်မှာတွေ့ရတဲ့ မြင်ကွင်းက... ဘူတာရုံ သင်္ဘောဆိပ်မှာ မြင်ရတတ်တဲ့ အတိုင်းပါပဲ။

နေရာတွေ ရွေးထိုင်ကြရတဲ့ အချိန်လေးမှာ ပြောစရာရှိတာ ပြောကြ၊ အခြေအနေကို တွက်ဆကြနဲ့ ရှိနေကြတယ်။ ရင်းနှီးရာ စုနေကြဟန်ရှိတဲ့ လှုပ်လှုပ်ရွရွ မြင်ကွင်းထဲမှာ သူ့ကို လှမ်းမြင်လိုက်ရတယ်။ မတ်တတ်ရပ်လျက်သား...ရှေ့မှာလည်း အထုပ်ကလေး နှစ်ထုပ် သုံးထုပ်နဲ့၊ ဘေးမှာတော့ မျက်မှန်ထူထူ အရပ်ပျပ်ပျပ်၊ ခပ် ပိန်ပိန်က တယောက်... ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်နဲ့ လူကြီးက တယောက်...

***သူ့ကိုတော့ ချက်ချင်းပဲ မှတ်မိလိုက်ပါတယ်။ ဥပမိရုပ်ကလဲ တခါတွေ့ဖူးရင် မေ့မရတဲ့ ရုပ်မျိုး...အရပ်ရှည်ရှည်၊ မျက်ခုံးထူထူ၊ ဆွဲဆောင်မှုရှိတဲ့ မျက်နှာကျ...ဟန်ပန်က ယဉ်ကျေးပြီး အိန္ဒြေရှိတဲ့ အပြောအဆို အလုပ်အရှား...***

ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများအတွက် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောရယ်၊ ပမညတမှ သခင်အေးကျော်ရယ်၊ သူရယ်...ကျွန်တော်တို့မြို့ကို ရောက်လာဖူးတယ်။ ကျွန်တော်တို့က ဧည့်ခံရတဲ့ ကျောင်းသားတွေပါ။ အရပ် အမောင်း ကောင်း ကြသူချည်းဖြစ်လို့ အမှတ်ထင်ထင် ဖြစ်ခဲ့ရာက ခုလို တွေ့တွေ့ချင်း

မှတ်မိခြင်းလည်း ဖြစ်နိုင်ပါတယ်။ လူပုဂ္ဂိုလ်အနေနဲ့ကလည်း ဘယ်လိုမှ မေ့မဖြစ်နိုင်တဲ့သူ။

ထိုခေတ်က တိုးတက်တဲ့ လူငယ်တွေဟာ သူ့စာတွေကိုဖတ်၊ သူ့ဇာတ်ကောင်တွေကို အရှုးအမူး စွဲလန်းအားကျ၊ သူ့အဘိဓမ္မာကို လက်ခံ၊ တော်လှန်ရေးသမားဖြစ်ချင်တဲ့ အာလျှတွေ ပေါ်ပေါက်၊ သူ့တော်လှန်ရေးစိတ်ဓာတ်ကို အတုယူရာက တော်လှန်ရေးသမား ဖြစ်ကြတာ မနည်းလှပါဘူး။ ဒီလိုနဲ့ ခုပဲ ကြည့်လေ။ ကျွန်တော်ကိုယ်တိုင် တော်လှန်ရေးသမား သူပုန်ကျောင်းသားအဖြစ်၊ ထောင်အဆင့်ဆင့် ပြောင်းခဲ့ရာက ပြည်တော်ညွှန့်သင်္ဘောပေါ် တက်ခဲ့ရပြီကော။

သူတို့သုံးယောက်ဟာ လှေကားပေါ်က ရှေ့ဆင့်နောက်ဆင့် ဆင်းလာတဲ့ ကျွန်တော်တို့ကို စိတ်ဝင်တစား ကြည့်ပြီး စကားပြောနေကြဟန် ရှိပါတယ်။ အောက်ရောက်လို့ ခဏကြာတော့ အရင်းနှီးဆုံးရဲဘော် ကိုအောင်ဘော် ဆင်းချလာပါတယ်။ သူက–

“AN…ရေ…လှေကား နှစ်စင်းကို ရောက်တော့ ခင်ဗျား ဘယ်လှေကား က ဆင်းသွားမှန်း မသိလိုက်ဘူး။ ဒါနဲ့ နံကြားထောက်ပြီး ဆင်းလာတာ အတော်ပဲ။ ခင်ဗျားရှိတဲ့ အခန်းကို တိုက်ရိုက်ရောက်လာတယ်။ ပျော်လိုက်တာ”တဲ့။

“ဟုတ်ကဲ့…ခင်ဗျား ဘယ်လှေကားက ဆင်းဆင်း ဒီအခန်းထဲ ရောက်မှာပါပဲ။ နောက်တခန်းမှာလဲ လှေကား နှစ်စင်းရှိတာပဲဗျ” လို့ အသံတသံ ထွက်လာပါတယ်။ ဘေးမှာရှိတဲ့ မျက်နှာစိမ်း လူငယ်တယောက်ရဲ့ ရင်းရင်းနှီးနှီး ဝင်ပြောလိုက်တဲ့ အသံပါ။ သူ့ကို သေသေချာချာ ကြည့်လိုက်တော့ အသားညိုညို၊ အရပ်မြင့်မြင့်၊ ခပ်သွယ်သွယ်၊ ခပ်ကျစ်ကျစ်နဲ့ ခင်မင်ဖွယ်ရာ မျက်နှာထားရှင်။

“ကျွန်တော့်နာမည် ချစ်ဆွေ။ ပြည်က ဗကသကျောင်းသားပါ” လို့ တဆက်တည်း သူ့ကိုယ်သူ မိတ်ဆက်တော့မှ ပင်လယ်ကူးသင်္ဘောမစီးဖူးတဲ့ အညာသား ကျွန်တော်တို့တတွေ အားရပါးရ ရယ်မောမိကြပါတော့တယ်။ သူသိသမျှ လက်ညှိုးထိုး မိတ်ဆက်ပြလို့ ဦးတင်အောင်ဘေးနားက ပုဂ္ဂိုလ်နှစ်ဦးမှာ တယောက်က ဦးမြသန်းတင့်၊ နောက်တယောက်က KT ဦးကျော်တင့်မှန်း သိလိုက်ရပြန်ပါတယ်။ မန္တလေးထောင်က ပြောင်းလာသူ ကျွန်တော်တို့ ကျောင်းသားလူငယ်တသိုက်ဟာ တခဏချင်း အင်းစိန်ထောင် လူခံကျောင်းသားတွေနဲ့ အပြန်အလှန်မိတ်ဆက်၊ အပြန်အလှန် ရင်းနှီးသွားကြပါတော့တယ်။

မကြာလိုက်ပါ။ ဦးတင်အောင်တို့နောက်နားက လူတယောက် နေရင်းထိုင်ရင်းက လဲကျသွားပါတယ်။ သူက ကတိုက်ကရိုက် လှည့်ကြည့်လိုက်ပြီး ‘အို’ ဆိုတဲ့ ကရုဏာသံတချက် ထွက်လာပါတယ်။ ဝိုင်းအုံကြည့်လာတဲ့ လူလေးငါးယောက်ကို ဘေးဖယ်ပေးဖို့ မေတ္တာရပ်ခံတဲ့ ဦးမြသန်းတင့်ရဲ့ ပြာအက်အက် အသံကိုလည်း ပထမဆုံးအကြိမ်အဖြစ် ကြားလိုက်ရပြန်ပါတယ်။ လူနာ လေကောင်း လေသန့်ရအောင် ဘေးလူတွေကလဲ အလိုက်တသိ ဘေးကို ရှဲပေးကြပါတယ်။ ထား

တာက ကုန်တင်တဲ့အခန်း၊ လူတွေကလည်း ပြွတ်သိပ်နေတယ်။ လေဝင်ပေါက်တွေက လည်း ပိတ်ထားတာမို့ အနံ့အသက်က မကောင်း၊ လှိုင်းကြောင့် သင်္ဘောက လှုပ်၊ ထောင်ထဲတိုက်ထဲ နှစ်ရှည်လများ နေခဲ့ရသူ၊ ကိုယ်ခံကျန်းမာရေး မကောင်းသူ၊ အသက်ကြီးတဲ့ သူတွေအဖို့ သိပ်ခံနိုင်ရည် မရှိကြပါ။ လဲသွားသူမှာ မလညပ မှ ဦးထွန်းကြည် ဖြစ်ပါတယ်။ အသားအရေက ဝါဖျော့နေပါတယ်။ တယောက်တခွန်း ပြောကြဆိုကြရင်း လူငယ်တချို့ လေ့ကားပေါ် ပြေးတက်ပြီး ထောင်အာဏာပိုင်တွေကို အကြောင်းကြားရပါတယ်။ ချက်ချင်းလို ထောင်ဆရာဝန် ဒေါက်တာဖေစိန် လိုက်လာပြီး ပြုစုပေးလို့ သက်သာသွားပါတယ်။

## ကိုကိုကျွန်း

ရန်ကုန်နဲ့ဆို မိုင်(၃၀၀) ကျော် ဝေးသတဲ့။ ပြည်တော်ညွှန့်သင်္ဘောနဲ့ဆိုရင် ၃၆ နာရီကြာအောင် ခုတ်မောင်းရတယ်ဆိုပဲ။ အလျားက (၇) မိုင်၊ အနံက (၃) မိုင် ကျယ်သတဲ့။ သင်္ဘောပေါ်မှာတင် ရရှိလိုက်တဲ့ ဗဟုသုတတွေပါ။

နောက်တနေ့ ဖေဖော်ဝါရီ(၁၃) ရက် နံနက်စာကိုတော့ အထက်ထပ် တက်ပြီး အသုတ်လိုက် စားရပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ရေဒီယိုက ဒေါ်လှရွှေရဲ့ စန္ဒကိန္နရီ သီချင်းသံကို ကြားလိုက်ရတယ်။ မှိုင်တဲ့သူတွေ မှိုင်ကုန်ကြတာပေါ့။

(၁၄) ရက် ညနေစောင်းအချိန်လောက်မှာ ကျွန်းကို ကပ်မိနေပါပြီ။ တညဒီမှာတင် အိပ်ပြီး (၁၅) ရက် နံနက် ရောက်မှ Landing Craft ခေါ်တဲ့ ကမ်းတက်ရေယာဉ်တစီး သင်္ဘောနား ကပ်လာပါတယ်။ နေထွက်တာကို ကြည့်ပြီး သင်္ဘောရောက်တဲ့နေရာကို ခန့်မှန်းလို့ ရလိုက်ပါပြီ။ ကျွန်းရဲ့ အနောက်တောင်ဘက်မှာပါ။ ကမ်းတက်ရေယာဉ်နဲ့ ထိန်းသိမ်းခံ အကျဉ်းသားတွေကို အသုတ်ခွဲပြီး ပို့ပေးပါတယ်။ အရာရှိ အရာခံနဲ့ အမှုထမ်းတချို့ကတော့ နေဗီမော်တော်ဘုတ်ကလေးနဲ့ ကူးကြပါတယ်။

ကမ်းတက်ရေယာဉ်က ကုန်းပေါ်အထိ တင်ပေးတာမဟုတ်။ မလှမ်းမကမ်းမှာ ရပ်ပါတယ်။ လေက ငြိမ်ငြိမ်၊ ရေက ကြည်ကြည်ဆိုတော့ အောက်ခြေကြမ်းပြင်ကိုတောင် ပြတ်ပြတ်သားသား မြင်နေရတယ်။ ခပ်တိမ်တိမ် ထင်ပြီး အထုပ်တွေ ဆွဲဆင်းလိုက်တာနဲ့ 'ဟိုက်' ခနဲ ဖြစ်သွားမိတယ်။ ရေက ခါးလယ်ကျော်ကျော်လောက် နက်နေတာကိုး။ ဒီရေအတက် လှိုင်းအိအိကလည်း ရှိနေတော့ တကိုယ်လုံးကို ရွှဲနစ်သွားပါတော့တယ်။

လူစုံတာနဲ့ ကမ်းစပ်သဲသောင်ပေါ်မှာ ထိန်းသိမ်း(စုစုပေါင်း ၂၃၃ ယောက်) တွေ တန်းစီပေးရပြီး စစ်ရေးပြသလို ဘယ်ညာညှိကြရပါတယ်။ အုပ်စိုးသူနဲ့ အအုပ်စိုးခံ၊ ဖိနှိပ်သူနဲ့ အဖိနှိပ်ခံ အပြန်အလှန် တယောက်ကိုတယောက်

ကြည့်ကြတဲ့ အချိန်ပါ။ ကိုယ်ထူကိုယ်ထအတွက် ပုံစံသွင်းတဲ့သဘောလည်း ဆောင်ပါတယ်။

ကျွန်တော်တို့ရွာမှာတော့ တာဝန်ယူလိုက်ပို့တဲ့ မဆလ ဗိုလ်မှူးကြီး ထွန်းရင်လော။ ထောင်ပိုင်၊ ထောင်မှူးကြီးနဲ့ ထောင်အရာရှိတချို့ ရပ်လျက်သား ရှိနေပါတယ်။ ပအိုဝ့်လူမျိုး ဗိုလ်မှူးကြီးက မလှမ်းမကမ်းမှာ စိုက်ထူထားတဲ့ 'ကျွန်း ဖွံ့ဖြိုးရေး စခန်း' ဆိုတဲ့ ဆိုင်းဘုတ်ကို လက်ညှိုးထိုးပြပြီး စကားသံဝဲဝဲနဲ့ မိန့်ခွန်းခြွေပါတယ်။ မှတ်မိသလောက်–

– ပြေးရဲရင် ပြေးကြ၊ ပတ်လည်မှာ ငါးမန်းတွေ ရှိတယ်။

– ကိုယ်ထူကိုယ်ထ အလုပ်လုပ်ကြရမယ်။

– ကောင်းကောင်းမွန်မွန် နေမယ်ဆိုရင် မိသားစုတွေ ခေါ်ပေးပြီး အတူနေခွင့်ပြုမယ်...ဆိုတာပါပဲ။

ဒါပြီးတော့မှ ကိုယ့်အထုပ် ကိုယ်ဆွဲပြီး သဲသောင်ပူပူပေါ်ကနေ စခန်းရှိရာကို ခပ်ဖြည်းဖြည်း လျှောက်လှမ်းလာခဲ့ကြရတယ်။ ဘေးနား မနီးမဝေးမှာ ဝါဒါတွေ ဖြန့်လိုက်နေပေမယ့် အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် လမ်းလျှောက်ကြရတာပါ။ စခန်းက အရှေ့ဘက်ကမ်းမှာ ရှိပါတယ်။ လူကြီးတွေက အေးအေးဆေးဆေး၊ လူငယ်တွေက စခန်းဆီ စိတ်ရောက်နေကြတယ်။ တချို့က ထွန်းရင်လောရဲ့ မိန့်ခွန်းကောက်နုတ်ချက်တွေကို မကြားနိုးနား ရေရွတ်ရင်း အချင်းချင်း နောက်ပြောင် လာကြတယ်။ ကျွန်တော်တို့နားမှာ ဦးမြသန်းတင့်နဲ့ ကျောင်းနေဘက်သူငယ်ချင်း ထောင်ပိုင် ဦးအုန်းကျော်တို့ ရေးဖြစ်ဟောင်း အောက်မေ့ဖွယ်တွေ ပြောလာကြတယ်။ ထွန်းရင်လောတို့က နေပီကားနဲ့ ထွက်သွားနှင့်ကြပြီ။

သိပ်မဝေးတဲ့ နေရာမှာတော့ ပိန်ပိန်ရှည်ရှည် လေထီးဗိုလ် အုန်းမောင်က ဒဏ်ရာဟောင်းကြောင့် အနည်းငယ် ထော့နဲ့ထော့နဲ့ ဖြစ်နေပေမယ့် ခပ်သွက်သွက်။ တပင်မကျန် ငွေရောင်တောက်နေတဲ့ ဆံပင်တိုတို ဖြူဖြူများပိုင်ရှင်၊ အဖွေးသားသွားတွေပေါ်အောင် စကားပြောရင်း ဟိုလူ့နှုတ်ဆက်၊ ဒီလူ့နှုတ်ဆက် လုပ်လာတဲ့ ခပ်ဖိုင့်ဖိုင့် ဆရာ ရာဂျန်။ ပိန်သလောက် မာန်ပါပါ သွက်သွက်လက်လက် ရှိလှတဲ့ ဦးခင်မောင်မြင့်။ ဖြူဖြူသန့်သန့် လူခန့်လူချော သဘောအင်မတန် ကောင်းလှတဲ့ အန်ကယ်ကြီး သခင် ခင်အောင်။ နေပူဒဏ်ကြောင့် သူ့မျက်နှာဟာ ချွေးတွေသန်းပြီး နီမြန်းနေပါတယ်။ ဒီကြားက အန်ဂျလာ အရေးအခင်း၊ အမေရိကန် သံရုံးရှေ့မှာ ဆန္ဒပြစဉ် အရိုက်ခံရလို့ ခါးရိုးကျိုးသွားတဲ့ ခရမ်းကိုစိန်ဝင်းကြီးကလည်း ဖြက်ကျယ်လှတဲ့ ခါးပတ်ကြီး ပတ်ထားလို့ အမြင်ဆန်းနေပါတယ်။

တခြားအဖွဲ့အစည်းများက နံမည်ကြီး ပုဂ္ဂိုလ်တွေထဲမှာလည်း သိသူရော မသိသူပါ ပါလာကြပေမယ့် စိတ်မဝင် စားအား၊ ကျွန်တော်တို့ စွဲလန်းခဲ့တဲ့ ဇာတ်ကောင်များရဲ့ ဖန်တီးရှင်၊ နှစ်လိုဖွယ် အမျိုးသမီးငယ်များရဲ့ ချစ်သူ၊ အဖိနှိပ်ခံ ပြည်သူများ ရဲ့ လင်းယုန်ကြီး ဘယ်လိုများ လှုပ်ရှားလိုက်ပါနေပါလိမ့်။ သူ့အဓိက

ဇာတ်ကောင်တွေထဲက ဘယ်သူနဲ့များ တူပါလိမ့်။ ဒါကိုပဲ စိတ်ဝင်စားနေမိပါတယ်။ ကျွန်တော့်ရဲ့ ရေစိုအထုပ်လေးတွေကိုလည်း ကိုအောင်ဘော်တို့၊ ကိုညွန့်ခေါင်တို့ ကူဆွဲသွားပြီမို့ လွယ်အိတ် ကလေး တလုံးလောက်နဲ့ မျက်စေ့ကစားရင်း ပေါ့ပေါ့ပါးပါး လိုက်လာမိပါတယ်။ လင်းယုန်ကြီးအပေါ်မှာ အထူး အာရုံစိုက် ကြည့်နိုင်ခဲ့ပါတယ်။ သူ ဘယ်လို လှုပ်ရှားနေသလဲ–ပေါ့။ လူငယ်တဦးရဲ့ သူရဲကောင်း ကိုးကွယ်ချင်စိတ် အရင်းခံကြောင့်ပဲ ထင်ပါရဲ့။

ကမ်းတက်ယာဉ်ပေါ်က ဆင်းစ…ကမ်းစပ်ပေါ်အရောက်၊ သူက ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်တယ်။ တခါ ပင်လယ်ဘက်လှည့်လိုက်ကာ လေညင်းသန့်သန့်ကို ရင်အုံကြီး မောက်လာအောင် ရှူသွင်း ပြန်ထုတ် လုပ်နေပါ ပကော။ အကျဉ်းစခန်းလား၊ လေညင်းစခန်းလား သူ ခွဲခြားသိပုံမရတော့။

သူ့…ဇာတ်ကောင်ကတော့ ဇာတ်ကောင်ပဲ။ ဘယ်ဇာတ်ကောင်များ ပါလိမ့်။ သူ့အထုပ်လေး သူဆွဲပြီး အေးအေးဆေးဆေး စကားပြောရင်း လူအုပ်ထဲ စီးမျောနေတဲ့သူ့ကို မနီးမဝေးကနေ ကျွန်တော်က သူနဲ့ သူ့ဇာတ်ကောင်တွေကို ချိန်ထိုးကြည့် နေမိတယ်။ ကော်ဖီခါးခါးသောက်ရင်း သုတေသနလုပ်ငန်းထဲ မြုပ်နေတဲ့ ဒေါက်တာရေချမ်းလား။ လယ်သမားသူပုန်ကြီး ငြေလေလား။ ရေမြေခံစားစေတော့– မှ ပါမောက္ခထွန်းလင်းလား။ ဘဝကို ရေစုန်မျှောပြီး တခါတရံ ယောင်ယမ်းပြီး ချစ်သူကို တမ်းတတတ်တဲ့ ပါမောက္ခအုန်းကျော်များလား။ ပြည်တော်သာ ခင်ခင်ဦးထဲက ဘယ်သူ…ထားပါ။ ‘သူ’ပဲလား။

ဒီမိန်းမအတွက် ညီငယ်လည်း သေရ၊ စက်ပိုင်ရှင်ဘဝမှ ကိုယ်ရံတော် လူမိုက်ဖြစ်ရ။ ငွေတွေကုန်၊ ဂုဏ်သရေတွေ ပွန်းပဲ့ကုန်ပေမယ့် စိတ်မကုန်နိုင်၊ ဒီမိန်းမ ကသာ“မောင်ရေ လူတယောက်နဲ့ အိပ်ချင်လို့ အိပ်ရာ ပြင်ပေးပါလား” ခိုင်းရင် တောင် အိပ်ရာခင်းပေး၊ ခင်းပေးပါ့မယ် ပြောခဲ့တဲ့ ‘မောင့်မေတ္တာ’ထဲက အချစ်ရဲ့ ကျေးကျွန်ကြီး မြဂီဝါ ဦးကျော်တင့်လား။

OBE မေဂျာဘိုးမင်းရဲ့သမီး ကရင်မလေးနဲ့ အင်းစိန်တိုက်ပွဲ ကာလ အတွင်း အူကြောင်ကြောင်နဲ့ တွေ့ကြပြီး သံယောဇဉ်တွယ်သွားတဲ့ ချော့က လက် ဗိုလ်ကြီးပေပဲလား။

စစ်ကြီးအတွင်း သူ ကျဆုံးသွားတာ မသိရှာကြလို့ စစ်ကြီးအပြီးမှာ သူ ပြန်လာစေဖို့ ဆိုင်ရာ ဘုရားသခင် အသီးသီးထံ ဆုတောင်းနေကြတဲ့ ဗြိတိန် ကျွန်းပေါ်က ကပြားမလေး မာရီရယ်။ ဗမာပြည် ရန်ကုန်မြို့ပေါ်က မခင်စီတို့ရဲ့ ချစ်သူ ‘လွမ်းရစ်တော့ သက်လယ်’ဝတ္ထုထဲက ပြည်ချစ်စစ်သားကြီးလား။ တယော လေးတလက်နဲ့ လွမ်းနေရှာတဲ့ ‘ဘုန်းမောင် တယောက်ထဲရယ်’ထဲက ကိုဘုန်းနိုင် လား။

ဂျပန် တက်လာတဲ့အချိန် တရုတ်–ဗမာ လမ်းမကြီးအတိုင်း တရုတ် ပြည်ထဲဝင်၊ ထင်ချုန်းမြို့အရောက် တရုတ်မလေး ဝမ်မေနဲ့တွေ့၊ သံယောဇဉ် ဖြစ်ကြ

ရာက ချစ်ရေးထက် စစ်ရေးခက်လို့ ပြန်ရတော့မယ့် ကာလ။ ငွေနှင်းမှုံမှုံတွေက သွန်း ကြဲလို့။ ဒီအချိန်မှာ ခွဲခွာပြီး ဗမာပြည်ထဲ ပြန်လာခဲ့ရတဲ့ လွတ်မြောက်ရေး တပ်သား ကြီးလား။

ဇာတ်လမ်းတွေ ဇာတ်ကောင်တွေ များပြားလွန်းတော့ ရောယှက် ရှုပ်ထွေးနေပါတယ်။ ဟိုလူနဲ့ တူနိုးနိုး၊ ဒီလူနဲ့ တူသလိုလို ယတိပြတ် အဖြေမပေးနိုင် ဖြစ်နေမိပါတယ်။

တဖြည်းဖြည်းနဲ့…စခန်းထဲ မဝင်မီ ကျေနပ်လောက်တဲ့ ဇာတ်ကောင် ရွေးချယ်မှု ပြီးပြတ်သွားခဲ့တယ်။ ဟုတ်ပါတယ်။ သူဟာ 'မြိုင်'ရဲ့ ချစ်သူ သတင်း စာဆရာ 'ကိုတင်ဦး' ရယ်ပါ။

(၃)

## သံဆူးကြိုးအထပ်ထပ်ထဲက ကိုယ်ထူကိုယ်ထစခန်း…

စစ်တပ်ဘားတိုက်ပုံ အဆောင် ၁၂ ဆောင်ရှိပါတယ်။ တောင် ဘက်ခြမ်း မြောက်ဘက်ခြမ်း ၆–လုံးတန်းစီ ခွဲထား ပြီး ပထမတော့ အာဏာပိုင်တွေက သူတို့ကြိုက်သလို လူခွဲထားတာ ဖြစ်တယ်။ အရှေ့ဘက်ထိပ်မှာ ဖိုကြီး နှစ်ဖိုနဲ့တွဲလျက် ထမင်းစားခန်းရှိပါတယ်။

မကြာလိုက်ပါ။ ကျန်ထိန်းသိမ်းတွေက လူအများဆုံး ပါတီကြီးများ ဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ အလံနီပါတီတို့ကို ဖိုတဖိုစီ ပေးထားခဲ့တယ်။ မလညပဖို တသီးပုဂ္ဂလဖို စသဖြင့် ဖိုအသီးသီး ပေါ်လာပါတယ်။ အဆောင်တွေကို လည်း ဗကပ–က ၅ ဆောင်၊ အလံနီက– ၃ ဆောင်၊ မလညပက– ၁ ဆောင်၊ ကျန်တာက တသီးပုဂ္ဂလတွေအတွက်နဲ့ ပစ္စည်းထားတဲ့အခန်း၊ ဆေးခန်း စသည် ခွဲလိုက်ကြပါတယ်။

ဗိုလ်အုန်းမောင်၊ ဆရာ ရာဂျန်၊ ဦးတင်အောင်တို့က အဆောင် ၄၊ ဦးမြသန်းအပါအဝင် ကျွန်တော်တို့က အဆောင်နံပါတ် (၉) ဆိုတော့ တောင် ဘက်မြောက်ဘက် တန်းနေလို့ သံဆူးကြိုးတွေကြားက ဟိုဘက်ဒီဘက် လှုပ်ရှားမှုကို မြင်နေကြရပါတယ်။

ရောက်ပြီး နောက်တနေ့ ရေတပ်စခန်းဘက် ပြောင်း ဆိုက်ထားတဲ့ သင်္ဘောပေါ်က ရိက္ခာတွေ သယ်ချပေးဖို့ အလုပ်ဆိုင်း တဆိုင်းကို ကားနဲ့ခေါ်သွား ပါတယ်။ 'စခန်းတနေရာ'လို့ စာရေးထားတဲ့ အိတ်တွေ၊ ပုံးတွေ၊ အထုပ်တွေ ချကြရတယ်။ ကားနဲ့သယ်လာပြီး အကျဉ်းဌာန ဂိုဒေါင်ထဲ ထည့်ပေးရတယ်။ ရိက္ခာကို အဲဒီမှာ ထုတ်ရတာ ဖြစ်တယ်။

ဆန်ကျတော့ စီမံကိန်းရှိရှိ ခပ်စောစောကတည်းက ကြိုပို့ထား ပါ

တယ်။ ထားတဲ့နေရာက ကျွန်းအလယ်ပိုင်း ရဲစခန်းနားမှာပါ။ ကျွန်တော်တို့ ရောက်တော့ ဆန်က ဟောင်းနေရုံမက ပိုးထိုးလောက်ကိုက် အဆင့်တောင် ရောက်နေပါပြီ။ ဒီအတိုင်း ခြင်ယူလို့လည်း ရတယ်။ ဆန်ကောင်းချည်း လိုချင်ရင် ကိုယ့်ဘာသာ ပြာသန့်ယူလို့ ခိုင်းပါတယ်။ နိုင်ငံရေးသမားတွေကို အချိန်ပိုမပေးချင်လို့ တမင် အကွက်ချ စီစဉ်ထားတာပါ။ အပွန်းအပဲ့မခံနိုင်တာနဲ့ 'ဆန်သန့်' ဆိုပြီး အလုပ်အဖွဲ့တဖွဲ့ ထုတ်ပေးရပါတယ်။ ရိက္ခာစကေးက တနေ့ တကျပ်ခွဲနှုန်းပါ။ ဒီအထဲက သဘော်ာခ နုတ်ပါသေးတယ်။ ပိုပိုလျှံလျှံ စားချင်ရင် ကိုယ့်ဘာသာ စိုက်စားဆိုလို့ တောင်ယာအလုပ်ဆိုင်းတဆိုင်း၊ ရေအဆိုင်း၊ ထင်းအဆိုင်း၊ ဖိုအဆိုင်း စသည် ခွဲလိုက်ကြရတော့ လူကြီးတွေရယ်၊ မကျန်းမာသူတွေရယ်ပဲ ကျန်ပါတော့တယ်။ ကိုယ့်ဘာသာ ငါးဖမ်း၊ ခရုငုပ်၊ ကျောက်ခမောက်ခွာ၊ အုန်းသီးကောက်၊ အုန်းပင် တက်ရတာတွေလည်း ရှိတယ်။ လိပ်ဖမ်း လိပ်ဥရှာရတာလည်း ရှိတယ်။ ဒါကိုတော့ ပုံမှန်မဟုတ်တဲ့ ရှာဖွေရေးအဖွဲ့လို့ ဆိုပါမယ်။

ဦးတင်အောင်က အသက်(၅၀) ပိုင်းမို့ အလုပ်ဆိုင်းထဲ မထည့်ပါ။ ဦးမြသန်းက (၄၀) ကျော် ဖြစ်ပါတယ်။ သူ့ကိုလည်း ကျွန်တော်တို့က မထည့်ချင်ပါ။ ဒါပေမဲ့ သူက ဇွတ်လိုက်ပါတယ်။ သူရွေးတာကလည်း လုပ်ရင် လုပ်သလောက် ပင်ပန်းတဲ့ ထင်းအဆိုင်းပါ။ အင်မတန်မာ၊ အင်မတန်မြင့် လုံးပတ်အင်မတန်ကြီးတဲ့ သစ်နီပင်ကြီးတွေကို ရေခဲခွဲတဲ့ လွှမျိုးနဲ့ လှဲရ၊ ဖြတ်ရ၊ ပေါက်ဆိန်နဲ့ ခွဲရတဲ့အလုပ်၊ သူ့ကိုတော့ များသောအားဖြင့် လွှဆွဲတဲ့နေရာမှာ ထားကြပါတယ်။

အလုပ်ဆိုင်းတွေကို ဝါဒါတွေက လိုက်ပြီး ကြီးကြပ်ပါတယ်။ ဒါပေမဲ့ ဘယ်လိုမှ ထိန်းမရတာရယ်၊ ပြည်မထောင်တွေတုန်းက သူတို့လုပ်ခဲ့တဲ့ ရာဇဝင် ကြွေးတွေအတွက် သွေးလန့်နေတာရယ်၊ သူတို့ကိုယ်တိုင်ကလည်း ရေခြားမြေခြား မှာ မတက်ကြွတာရယ်ကြောင့် နောက်ပိုင်း မလိုက်ကြတော့ပါ။

ရောက်စမှာ စိတ်ဝင်စားစရာ အကောင်းဆုံးအလုပ်က ပင်လယ်ဆင်းပြီး ရေချိုးခြင်း ဖြစ်ပါတယ်။ တခါချိုး တနာရီ၊ တသုတ် လူ(၃၀) ကို ဝါဒါအစောင့်နဲ့ ထုတ်ပါတယ်။ ပူးဝသံဆူးကြိုး တံခါးရှေ့မှာ လူ(၃၀) ပြည့်အောင် တန်းစီစောင့်ကြရပါတယ်။ အများစုက ထုတ်ပေးထားတဲ့ လန်ကွတ်တီ ဘောင်းဘီလေးတွေနဲ့ လက်ထဲမှာ သံချောင်းရှည်၊ တုတ်ရှည်၊ ကိုယ်တိုင်လက်ဖြစ် မှိန်း၊ လှံ စတာတွေနဲ့ ဟေးဝါး အော်နေကြပုံမှာ အာဖရိက တောတွင်းသား ဇူးလူးစစ်သည်များ စစ်ထွက်မယ့်ပုံစံမျိုး ပေါက်နေပါတယ်။

မြင်ရသူများ ရင်နာစရာကတော့ တန်းစီရပ်နေသူတွေထဲမှာ ထောင်တွင်း ညှဉ်းပန်းနှိပ်စက်မှုများကြောင့် ထင်ကျန်ရစ်တဲ့ အရှိုးတွေ၊ အစင်းတွေ၊ အမာရွတ်တွေကို ထင်းခနဲ ကွင်းခနဲ တွေ့ကြရခြင်းပါ။ အင်းစိန်ထောင် အကျဉ်းသားများက ပိုခံရပါတယ်။ ကျွန်တော်တို့အဆောင်က ကိုလှဖေ၊ တပ်ကြပ်ကြီး မြတ်ဆွေ၊ အဆောင်(၄) မှ ကိုသက်ဝင်းတို့ကိုတော့ ရင်းလဲ ရင်းနီး၊ အနီးကပ်လဲ နေရတော့

မျက်စိထဲက ခုအချိန်ထိ မပျောက်၊ တင်ပါးရင်းကနေ ပေါင် ခြေသလုံးရင်းအထိ တန်းစီနေတဲ့ ကြိမ်ရာတွေဟာ မြင်မကောင်းပါ။

ဖူးတံခါး ဖွင့်လိုက်တာနဲ့ ဟေးခနဲ အော်လိုက်ကြကာ လူငယ်တွေက ရှေ့မှ ပြေးကြပါတယ်။ တနာရီအတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချခြင်းပါ။ ပါလာတဲ့ လက်နက်ကိရိယာတွေနဲ့ ဒီရေကျ ပေါ်လာတဲ့ ကျောက်တုံး ကျောက်ခဲတွေကို ကော်ထုတ်လှန်လှောကြ၊ တွေ့သမျှထဲက စားကောင်းမယ့် ရေသတ္တဝါငယ်တွေကို ဖမ်းကြ ကောက်ကြပါတယ်။ လူကြီးတွေကတော့ ကမ်းစပ်မှာ အညောင်းပြေ လမ်းလျှောက်နေတတ်ကြတယ်။ အစောဆုံး ရေထဲဆင်းသူက ဦးမြသန်း။ အချိန်စေ့တဲ့အထိ ရေထဲက တက်မလာတော့ပါ။ မျက်စိမှုန်သူဖြစ်လို့ ခပ်ဝေးဝေးထိ မကူး၊ ကမ်းစပ်တလျှောက် ခေါက်တုံ့ခေါက်ပြန် ကူးနေပါတော့တယ်။

တချို့က ခပ်လှမ်းလှမ်းရှိ အိုနာဆစ်သင်္ဘောကြီးဆီ ကူးသွားပြီး သင်္ဘောပေါ်တက်ကာ လိုအပ်တဲ့ သံတိုသံစ၊ သံချောင်းတိုရှည်၊ သံပြား၊ ကြေးပြားများကို ဖြုတ်ကြ ခွာကြပါတယ်။ လိုသလောက်ရတာနဲ့ ဖောင်ကလေးပေါ် တင်ဆွဲကာ ပြန်ကူးလာတတ်ကြပါတယ်။ ယူ၍ မကုန်နိုင်ပါ။ လူကြီးတချို့က ရှောင်စုံခရုခွံလှလှတွေ ကောက်လေ့ရှိပါတယ်။ လူငယ်တချို့က အိုနာဆစ်သင်္ဘောပေါ်မှ ရေထဲ ဒိုင်ဗင်ထိုး ဆင်းသူက ဆင်းပါတယ်။ ဒီလိုအချိန်မှာ ကျွန်တော်တို့ရဲ့ လင်းယုန်ကြီးကကော ဘာတွေ လုပ်နေတယ် ထင်ပါသလဲ။ ရောက်စမှာ လမ်းလျှောက်ပါမယ်။ နောက် အသက်ရှူ လေ့ကျင့်ခန်း လုပ်ပါမယ်။ ပြီးတော့မှ ပုဆိုးကို ခါးတောင်းကျိုက်ကာ သဲပြင်ပေါ် ဖောက်ထိုးမိုးမျှော် အုန်းပင်စိုက်နေလိုက်ပါတော့တယ်။ စောစောပိုင်းရက်တွေမှာ လက်နှစ်ဖက် ခပ်ချဲချဲထောက်ပြီး စိုက်ပါတယ်။ နောက်ပိုင်း ပိုကျွမ်းကျင်လာတော့ အစ္စရေးဝန်ကြီးချုပ် ဘင်ဂူရီယံနည်းလို့ခေါ်တဲ့ လက်ဝါးနှစ်ဖက်ယှက် နောက်စေ့ကို ထိန်းပြီး စိုက်ပါတယ်။ အရပ်ကရှည်တော့ တကယ့်ကို အုန်းပင်ကြီးပါ။

ကျွန်တော်တို့ ရှောင်ရမယ့် နေရာ နှစ်နေရာ ရှိပါတယ်။ တနေရာက သူအုန်းပင် စိုက်တဲ့နေရာ၊ ခြေအကွာမှာ လေတိုက်လိုက်လို့ရှိရင် သဲမှုန်တွေ သူ့မျက်နှာပြေးကပ်မှာ စိုးလို့။ နောက်တနေရာက ပိုဆိုးပါတယ်။ အချိန်စေ့ခါနီး လူတပြုံကြီး ရေထဲဆင်းကြတဲ့အခါ ဥဩသံမပေး ဘာမပေး၊ မျက်စိမှုန်မှုန်နဲ့ လူကို ဝင်ဆောင့် တတ်တဲ့ ဦးမြသန်း ရေကူးတဲ့ ကမ်းစပ်နေရာ။ ကမ်းစပ်ဆိုပေမယ့်လူ ခါးလောက် နက်တာ ကလား။

(၄)

## ငါးပိတိုက်ပွဲ–

ကျွန်တော်တို့မှာ နံနက်စာကို ပဲဟင်းနဲ့ ငါးပိ။ ညနေစာကို စည်သွတ်ဗူးများ ဖြစ်ကြတဲ့ အမဲသား စားချင်စား၊ ဒါမှမဟုတ် အသီးဗူးကိုသာ စားကြရပါတယ်။ ဒါကလည်း နေ့စဉ်ရာရှင်မဟုတ်၊ နည်းနည်း–နည်းနည်း ဆန့်စားလို့ နေ့စဉ်စားနိုင်ခြင်း

ဖြစ်ပါတယ်။ ကြာလာတော့ အနံ့ကိုပင် မခံချင်တော့ပါ။

ဒါပေမဲ့ ပထမဆုံး ရင်ဆိုင်ရတဲ့ ပြဿနာက ငါးပိပျက်များ ထုတ်ပေးတဲ့ ကိစ္စ ဖြစ်ပါတယ်။ ဒါကို ထိန်းသိမ်း (အကျဉ်းသား) အားလုံးက တညီတည်း လက်မခံကြပါ။ ကျန်းမာရေးနဲ့ မညီညွတ်ဘူး၊ လဲပေးရမယ်လို့ တောင်းဆိုတာကို အာဏာပိုင်တွေက ပယ်ချပါတယ်။ သူတို့လည်း ဒီငါးပိ စားနေတာပဲလို့ မဟုတ်မဟတ် အကြောင်းပြကြတယ်။ ဒီလိုနဲ့ (၅) ရက်ကြာ ငါးပိတိုက်ပွဲ ပေါ်လာခဲ့ခြင်း ဖြစ်တယ်။ သွေးတိုးစမ်းတိုက်ပွဲ၊ ပွဲဦးထွက်တိုက်ပွဲမို့ အရေးကြီးပါတယ်။

ပထမအသုတ်မှာ ဗမာပြည်ကွန်မြူနစ်ပါတီမှ ဆရာ ရာဂျန် ဦးဆောင်ပါဝင်တယ်။ (၂) ရက်ကြာတော့ နားပြဿနာရှိတဲ့ ဆရာ ရာဂျန် လုံးဝနားထိုင်းသွားပါတော့တယ်။ (၃) ရက်အကြာမှာ ဒုတိယအသုတ် တိုက်ပွဲ ဆက်ဝင်ပါတယ်။ (၅) ရက်ရောက်တော့ ကျွေးတဲ့ငါးပိ ကျန်းမာရေးနဲ့ ညီညွတ်မှု ရှိ/မရှိ ဆရာဝန်ကို ပြကြည့်ပါတယ်။ ဒေါက်တာဖေစိန်က "စားမဖြစ်ဘူး" ဆုံးဖြတ်တာနဲ့ တိုက်ပွဲနိုင်လိုက်ပါတယ်။

ငါးပိကောင်းတွေ အစားထိုးပေးလာပါတယ်။ လွတ်လပ်ခွင့်တွေလည်း ပိုရလာပါတယ်။ ဆရာဝန်ကိုတော့ (၆) လနဲ့ ပြန်ပို့လိုက်ပြီး၊ ဆရာဝန်အသစ် အစားထိုး ပို့ပါတယ်။ ရခိုင်အမျိုးသား ဒေါက်တာကျော်ဇံဝင်းပါ။ သူလည်း စာနာစိတ်ရှိပြီး သဘောကောင်းတာမို့ (၃) လနဲ့ ပြန်အပို့ခံရပြန်တယ်။ သူရဲ့ ဆိုစမှတ်ပြုစကားတခွန်းကတော့ "သူတို့က နိုင်ငံရေးသမားတွေ။ ဒီအထဲမှာ နောင်တနေ့ ဘယ်သူ သမ္မတဖြစ်မယ်၊ ဘယ်သူဝန်ကြီးချုပ်ဖြစ်မယ်၊ ပြောနိုင်တာမှ မဟုတ်ဘဲ"တဲ့။

တတိယမြောက် ဆရာဝန်ဒေါက်တာသန်းအောင်ကိုတော့ အာဏာပိုင်တွေ အကြိုက်တွေ့သွားပါတယ်။ သူက အာဏာပိုင်တွေ အလိုကျ ဆက်ဆံပါတယ်။ ဆေးချွေတာလွန်း၊ ဟန်ရေးပြလွန်းလို့ 'မျက်စိကို ဖြဲ၊ လက်ကိုဆွဲ၊ လမ်းများများလျှောက်၊ ရေကိုသောက်၊ လမ်းသူရဲဆရာဝန်' လို့ စာချိုးခံရသူပါ။ အာဏာပိုင်တွေက အသုံးတည့်တဲ့သူဆိုတော့ အချိန်ကျတဲ့တိုင် ပြန်မလွှတ်တော့ပါ။ တနှစ်ခွဲလောက်ရှိလာတော့ "ကျုပ်တော့ သွားပါပြီဗျာ၊ Further study (နောက်ထပ် အဆင့်မြင့်ဘွဲ့အတွက်) မလုပ်နိုင်တော့ပါဘူး။ ဒုက္ခပါပဲဗျာ" လို့ အော်ညည်းခဲ့ရသူ ဖြစ်တယ်။

## ရက်(၄၀) တိုက်ပွဲ–

ကိုယ်ထူကိုယ်ထရဲ့ဒဏ်ကို ကျွန်တော်တို့တတွေ ဘယ်အထိ ခံလိုက်ကြရပါသလဲ။ ချက်ချင်းမသိသာပါ။ သိပ်အကြာကြီးလည်း မစောင့်လိုက်ရ။ လအချို့ဖြတ်သန်းလိုက်တာနဲ့ ဖော်ပြချက်တွေက စပါပြီ။ အလံနီဖိုမှ ရဲနီထွန်းစိန် တယောက်ထင်းခွဲရင်း အားပြတ်မေ့လဲသွားတာ၊ အာဟာရချို့တဲ့ ကျန်းမာရေး ထိခိုက်ပြီးလူထုကိုစိန်ဝင်းလည်း မေ့မျောသွားခဲ့တာ၊ စသဖြင့် ကြုံလာရပါတော့တယ်။

ကျွန်တော်တို့က ရဲဘော်စိန်ဝင်းကို ပြည်မပို့ပြီး ဆေးကုပေးပါ။ မပေးရင် အစာတော်ခံ ဆန္ဒပြရလိမ့်မယ်လို့ ရာဇသံပေးပြီး ပြင်ဆင်ပါတယ်။ ဒီတော့မှ ပြည်မ ပြန်ပို့ပေး ခဲ့ပါတယ်။ ပို့သင့်သောသူ အများအပြား ကျန်သေးသော်လည်း ပို့မပေးပါ။ နောက် ဗမာပြည်ကွန်မြူနစ်ပါတီမှ ကိုထွန်းရှိန်တယောက် ကမ်းပါးယံတွေအကြား ကျောက် ခမောက် လိုက်ခွာနေရင်း ဒီလှိုင်းရိုက်ချခြင်းခံရကာ ပင်လယ်ထဲ မျောပါ သေဆုံး သွားပြန်ပါတယ်။ ကိုထွန်းရှိန်ရဲ့ ဈာပနအခမ်းအနားမှာ ဗမာပြည်ကွန်မြူနစ်ပါတီက တင်ပြချက်တခုတင်ပြီး လှုံ့ဆော်ပါတယ်။ နိုင်ငံရေးအကျဉ်းသားများ အခုလို သေကြကြေကြ၊ ဒဏ်ရာအနာတရ ဖြစ်ကြရတာဟာ ကိုယ်ထူကိုယ်ထ ပေါ်လစီ ကြောင့် ဖြစ်တယ်။ ဒီလို မဖြစ်ကြရအောင် တိုက်ပွဲများ တိုက်ကြရပါလိမ့်မယ်။ အဆင့် (၃) ဆင့်ထား တိုက်ဖို့ လိုမယ်ထင်ကြောင်း။ (၁) ထောင်တွင်း ရပိုင်ခွင့် တိုက်ပွဲများ။ (၂) ကိုယ်ထူကိုယ်ထ ဖျက်သိမ်းရေးတိုက်ပွဲ။ (၃) ကျွန်းဖျက်သိမ်းရေး တိုက်ပွဲဆိုပြီး သတ် မှတ်လိုက်ကြောင်း၊ ဘဝတူများဖြစ်လို့ အဖွဲ့အစည်းပေါင်းစုံ လက်တွဲ တိုက်ပွဲ ဝင် ကြစေလိုကြောင်း စသဖြင့် တင်ပြလိုက်ပါတယ်။

၁၉၇၁ ခုနှစ်၊ နွေဦးကို ရောက်ခဲ့ပါပြီ။ နှစ်ချီကြာလာတော့ စည်သွတ်ဗူး စားလာရတဲ့ဒဏ်တွေကို ထိန်းသိမ်း (အချုပ်သား) များ လိမ့်ခံရပါတော့တယ်။ ဂွမ်းအစ်လို့ ခေါ်တဲ့ အသားဝါရောဂါ စတင်ဖြစ်ပွားလာပါတယ်။ ဟောတယောက် ဟောတယောက် ဖြစ်လာတာပါ။ ဘယ်လောက်အသားမဲသူ ဖြစ်ပါစေ သူ စွဲကပ် လိုက်တာနဲ့ တကိုယ်လုံး ဝါထိန်သွားပါတော့တယ်။ ဒီအထဲမှာ ရဲတပ်သားဟောင်း တယောက်ဖြစ်တဲ့ ရဲနီတင်ငြိမ်းကတော့ အဆိုးဆုံးပါ။ ဆရာဝန်ကလည်း လုံလောက် တဲ့ ဆေးဝါးကုသမှု မပေးတော့ ပိုဆိုးလာပါတယ်။ တညချမ်း သန်းခေါင်ယံမှာ 'သား' ရေ... ဆိုတဲ့ အသံနက်ကြီးတသံ ကြားလိုက်ရပြီး ရဲနီတင်ငြိမ်း အသက်ပျောက်သွား ပါတော့တယ်။

ဘဝတူအကျဉ်းသားလည်း ဖြစ်၊ ကိုယ်တိုင်ကလည်း စစ်အာဏာရှင် ကို တိုက်ဖို့ ဆုံးဖြတ်ပြီး ဖြစ်နေတာကြောင့် ထိုညမှာပဲ ဗမာပြည်ကွန်မြူနစ်ပါတီက အလံနီပါတီကို သွားဆွေးနွေးပါတယ်။ သဘောထား မေးပါတယ်။ နောက် ကျန်အဖွဲ့အစည်းတွေကို တဖွဲ့ချင်း တဦးချင်း လိုက်ဆွေးနွေးပါတယ်။ ပါတီထဲမှာတော့ ရဲနီတင်ငြိမ်း မကွယ်လွန်မီကတည်းက လှုံ့ဆော်မှုတွေ လုပ်ထားပြီး ဖြစ်ပါတယ်။ တိုက်ပွဲတိုက်တော့မယ်ဆိုတာ သိတာနဲ့ တိုက်ပွဲဝင်သူ(ကျွန်းအသုံးအနှုန်းအရ **striker**) ဖြစ်လို ကြောင်း တောင်းဆိုမှုတွေ ပလုံစီပြီး တက်သွားပါတော့တယ်။ ပါတီကလည်း လူရွေးတဲ့အခါ စံချိန်(၃) ချက်နဲ့ရွေးမယ်။ (၁) နိုင်ငံရေး ရပ်တည်ချက်။ (၂) ကျန်းမာရေး။ (၃) အထူးတာဝန် မရှိသူများ ဟူ၍ ဖြစ်ပါတယ်။

ကျွန်တော်တို့အစုက (၁) ကြိုက်တဲ့စံချိန်နဲ့ ရွေးပါ။ (၂) အဖိုးကြီး နှစ်ယောက်မပါရ။ ဆရာ ရာဂျန် နှစ်ရက်နဲ့ ထိခိုက်သွားတာ သင်ခန်းစာယူပါ။ (၃) က သုံးလုံးပေါ်လစီ (အကျိုးအကြောင်း ခိုင်လုံရမယ်။ အကန့်အသတ်နဲ့ တိုက်ရမယ်။

အကျိုးအမြတ်ရှိရမယ်) အရ တိုက်တာဖြစ်ရမယ်လို့ တင်ပြလိုက်ကြပါတယ်။ ဒီအခါက တိုက်ပွဲဝင်ချင်သူတွေ များလှပါတယ်။ အားလုံးကလည်း အောင်ဘာလေ မဲပေါက်မှာကို စိတ်ကူးယဉ်ကြပါတယ်။ ကိုအောင်ဘော်ဆိုရင် 'နံပါတ်တစ် မပြေးသော်လည်း ရှေ့ဆုံးတန်းက ပါမယ်ထင်' ဆိုတဲ့ သီချင်းကလေးကို ပြုံးစစနဲ့ မကြားနိုးနား သီဆိုနေပါတော့တယ်။

ထိုညက အဖွဲ့အစည်း အသီးသီး ညှိကြရာမှာ တိုက်ပွဲတောင်းဆိုချက်တွေကိုတော့ ခပ်မြန်မြန်နဲ့ သဘော တူလိုက်ကြပါတယ်။

၁။ ရဲနီတင်ငြိမ်းအလောင်းကို ပြည်မရှိ သူ့မိသားစုထံ ပြန်ပို့ပေးရန်။

၂။ နာတာရှည် ရောဂါသည်များကို ပြည်မ ပြန်ပို့ပေးပြီး ဆေးကုပေးရန်။

၃။ စည်သွတ်ဗူးများအစား အသားစိုကျွေးရန်။

၄။ တရားဝင် ထုတ်ဝေတဲ့ စာနယ်ဇင်းများ ဖတ်ရှုခွင့်ပြုရန်။

၅။ အိမ်နှင့် စာရေး ဆက်သွယ်ခွင့်ပြုရန်... ... စတဲ့အချက်တွေ ပါဝင်ပါတယ်။

တိုက်ပွဲကော်မတီကိုလည်း ချောချောမောမော ဖွဲ့လိုက်နိုင်ပါတယ်။ ထစ်နေတဲ့ ပြဿနာက ကွန်မြူနစ်ပါတီအနေနဲ့ အင်အားများများ သုံးပြီး တိုက်ချင်တယ်။ ဒါကို အလံနီပါတီက မကြိုက်လှပါ။ လူနည်းနည်းနဲ့ပဲ တိုက်ဖို့ အဆိုပြုပါတယ်။ ရဲနီ တင်ငြိမ်းကိစ္စအပေါ်က တိုက်ရတာဖြစ်လို့ ထောက်ထားဖို့ကလည်း လိုပြန်ပါတယ်။ ညှိရင်း ဈေးဆစ်ကြရင်းက ပထမအသုတ်မှာ လူ ၉၀– ကျော်ရှိတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဖိုမှ ၁၀–ယောက်၊ အလံနီမှ ၅–ယောက်၊ မလညပမှ ၁–ယောက်၊ ပေါင်း ၁၆–ယောက် ဖြစ်သွားပါတယ်။

နောက်တရက်မှာပဲ တိုက်ပွဲ စဖြစ်ပါတယ်။ နံနက်စောစော အလင်းရောင်တောင် မရောက်လာသေးပါ။ မတ်လအတွင်းမှာမို့ အိပ်လို့ အကောင်းဆုံးအချိန်။ ကျောင်းသားခေါင်းဆောင် ကိုဉာဏ်ဝင်းတယောက် ပထမအသုတ် တိုက်ပွဲဝင်ရဲဘော်တွေကို တခန်းဝင်တခန်းထွက် လိုက်နှိုးနေပါတယ်။ အိပ်နေတဲ့ရဲဘော်ရဲ့ ခြင်ထောင်ထဲ လက်လျှိုပြီး ခြေမလေးကိုကိုင်ကာ လှုပ်နှိုးလိုက်တာနဲ့ ငေါက်ခနဲထလိုက်လာသူချည်းပါ။ အဆောင်တိုင်းရဲ့ထောင့်တနေရာမှာ စတိုခန်းလေးတွေရှိပါတယ်။ ကိုဉာဏ်ဝင်းခေါ်သွားတာက ၈–ဆောင်ရဲ့ စတိုခန်း ဖြစ်ပါတယ်။

ရေနံဆီမီးအိမ် မှိန်မှိန်ထွန်းထားတဲ့ စားပွဲဘေးမှာ လူအချို့ရှိနေပါတယ်။ ထိပ်မှာ အဖိုးကြီး(၂) ယောက်၊ ဘေးမှာ အေးဆေးစွာ ထိုင်နေတဲ့ ဦးတင်အောင်။ အသားထူ မျက်မှန်ထူကြီးနဲ့ ဦးမြသန်း။ ကိုထင်ရှိန်၊ ရခိုင်အမျိုးသားကြီး ဦးသိန်းဖြူ၊ ကိုလှဖေ...စသည်။ နောက်လည်း တဦးစီဝင်လာကြရာ ကျောင်းသားတွေ ဖြစ်ကြတဲ့ ကိုအုန်းမြင့်လှိုင်၊ ဗဟုးညွန့်၊ ကိုအောင်ငြိမ်း။ နောက်ဆုံးဝင်လာတာက ကိုအောင်ထီနဲ့ ကိုဖုန်းဆိုတော့(၁၀) ယောက် ပြည့်သွားပြီ။

လူစုံတာနဲ့ ခေါင်းဆောင်များက "ရဲဘော်တို့ကို တိုက်ပွဲဝင်ဖို့ ပထမအသုတ်မှာ ရွေးချယ်ထားကြောင်း၊ ဒီတိုက်ပွဲဟာ ငါးပိတိုက်ပွဲနဲ့မတူ၊ ခက်ခဲရှည်ကြာမှာ ဖြစ်ကြောင်း၊ အသက်စွန့်တန် စွန့်ရမှာ ဖြစ်လို့ ပိုင်းဖြတ်မှုရှိ–မရှိ' တဦးစီကို မေးမြန်းပါတယ်။

ပထမဆုံး ဦးတင်အောင်က "တိုက်သင့်တဲ့ အချိန် ရောက်ပြီ။ အသက်စွန့်ပြီး တိုက်ပွဲဝင်ဖို့ အသင့်ရှိကြောင်း" အေးအေးဆေးဆေးပဲ အဖြေပေးပါတယ်။ သူပြီးတော့ အသံပြာအက်အက်နဲ့ ဦးမြသန်းရဲ့ မီးပင်လယ်ကို ဖြတ်သန်းမယ့်အသံ။ နောက် တယောက်ပြီးတယောက်ရဲ့ သန္နိဋ္ဌာန်ချချက်များ။ နောက်ဆုတ်မယ့်သူက တော့ တယောက်မှ မရှိ။ နှလုံးသားတိုက်ပွဲမို့ အားလုံးက အေးဆေးတည်ငြိမ်နေကြတာကို ခံစားလိုက်မိတယ်။ ခံယူချက်သဘောထားကို ပြောပြကြတာတွေမှာ တချို့က တိုတိုရှင်းရှင်း၊ တချို့က ပြည့်ပြည့်စုံစုံ (ဒီအထဲမှာ ဦးမြသန်း ပါပါတယ်) ချုပ်ကြည့်လိုက်ရင် ပြောစကားတိုင်းမှာ ယုံကြည်ချက်နဲ့ အားမာန် အပြည့် အဝပါနေတာကို သတိထားမိတယ်။

အလင်းရောင်လည်း အခန်းထဲကို ဝင်စပြုလာပါပြီ။ ထွန်းထားတဲ့ မှန်အိမ်လေးရဲ့ အလင်းရောင်တောင် မှိန်ဖျော့လာတဲ့အချိန်မှာ ပါတီဆေးမှူး ကိုအေးမြင့် အသင့်ဖျော်ထားတဲ့ ဆားခါးရည်ကို တယောက်တခွက် သောက်လိုက် ကြပြီး ကိုယ့်အဆောင် ကိုယ်ပြန်ခဲ့ကြပါတယ်။

တိုက်ပွဲဝင်နေတဲ့နေ့ကစပြီး ဘယ်သူမှ စခန်းအပြင် မထွက်ကြတော့ပါ။ ထင်းတွေကိုလည်း လွှန်ခဲ့တဲ့ တပတ်လောက် က ကြိုသယ်ထားပြီးနှင့်ပါပြီ။ (၂) လစာ မှန်းသယ်ထားတာပါ။

တိုက်ပွဲဆောင်နံပါတ်(၁) အဖြစ် ကျွန်တော်တို့နေတဲ့ အဆောင်(၉) ကို ရွေးထားတာဖြစ်လို့ ဦးမြသန်း၊ ကိုလှဖေ၊ ဦးသိန်းဖြူနဲ့ ကျွန်တော်က အဆောင် မပြောင်းရတော့ပါ။ ကျန်တဲ့သူတွေက တခြားအဆောင်တွေကို ခွဲပြီး ရွှေ့ကြရတယ်။ ဦးတင်အောင် ပစ္စည်းလေးတွေကိုတော့ တခြား striker များနည်းတူ ရဲဘော် တယောက် လိုက်ပို့ပါတယ်။ စောင်ပါးပါး၊ ခြင်ထောင်နဲ့ အဝတ်အစားလောက်သာ လိုအပ်ပါတယ်။ဆေးရုံတက်လူနာလောက်တောင် ပစ္စည်းပစ္စယ မလိုပါ။ အိပ်စင်တွေပေါ်မှာ ခပ်ချဲချဲ အိပ်ရာနဲ့ အစာအငတ်ခံသူတွေကလွဲပြီး တခြားမရှိပါ။ တချို့ဘေးမှာ တော့ ဆေးလိပ် တလိပ် နှစ်လိပ်။ စာအုပ် တအုပ်နှစ်အုပ် ရှိပါရဲ့။ နံရံတွေပေါ်မှာတော့ ကမ္ဘာ့ပစ္စည်းမဲ့ခေါင်းဆောင်ကြီးတွေရဲ့ ပုံတူပန်းချီကား မီးခံပြားကြီးတွေ အမြင့်သား ချိတ်ထားပါတယ်။

တန်းဖွင့်ချိန်ရောက်တာနဲ့ ထိန်းသိမ်းအားလုံး စခန်းပူးဝကို သွားကြပါတယ်။ အာဏာပိုင်တွေကို ခေါ်တွေ့ပြီး တောင်းဆိုချက်တွေ တောင်းပါတယ်။ သူတို့က အထက်ကို တင်ပြပေးပါမယ်လို့ အကြောင်းပြန်တာနဲ့ တောင်းဆိုချက်တွေ မရမချင်း ဒီနေ့ကစပြီး တိုက်ပွဲဝင်ပြီဖြစ်ကြောင်း ကြေညာလိုက်ကြပါတယ်။ နောက်တော့–

ရဲနီတင်ငြိမ်းကို သတ်တာ (စစ်အစိုးရ စစ်အစိုးရ)
ဖိနှိပ်ချုပ်ချယ်မှု (ဖျက်သိမ်းပစ် ဖျက်သိမ်းပစ်)
ထောင်တွင်းအခွင့်အရေး (ချက်ချင်းပေး ချက်ချင်းပေး)

စတဲ့ ကြွေးကြော်သံတွေ လျှံတက်သွားပါတယ်။ (ဒီလို ကြွေးကြော်သံ တိုင်တဲ့အလုပ်ဟာ နေ့စဉ် အလုပ်ဖြစ်ပြီး နံနက်တကြိမ် ညနေတကြိမ် တိုင်ကြပါတယ်။ ရက်အတန်ကြာ ရလာတဲ့အခါ striker တွေ မပါရတော့ပါ။)

(၉) နာရီအချိန်လောက်မှာ ထောင်အာဏာပိုင်တွေနဲ့အတူ ဆရာဝန်ဒေါက်တာ သန်းအောင် ရောက်လာပါတယ်။ သူတို့က "အခုလို အစာတော်ခံ တိုက်ပွဲဝင်တာမှာ မိမိတဦးချင်းရဲ့ သဘောထား ဟုတ်–မဟုတ်" လိုက်မေးပါတယ်။ အိပ်စင် (၄) ခု ရှိတဲ့အနက် ဦးတင်အောင်နဲ့ ဦးမြသန်းတို့အိပ်စင်က ကျွန်တော်နဲ့ မျက်စောင်းထိုး အရှေ့မြောက်ဘက်မှာ ရှိပါတယ်။ အားလုံးဟာ တိတ်ဆိတ်ငြိမ်သက် နေပါတယ်။ ဒါကြောင့်လည်း သူတို့ရဲ့ ဖြေရှင်းသံကို ရှင်းရှင်းလင်းလင်း ကြားကြရ တယ်။ လူကြီးတွေ ဖြစ်တဲ့အတိုင်း အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်၊ သို့သော် ပြတ်ပြတ်သားသား ရှိလှတဲ့ သူတို့အသံ။ မရမချင်း တိုက်မယ် ဆိုတဲ့ ပိုင်းဖြတ်ချက်တွေ ကို ကြားတာနဲ့ ကျန်တဲ့လူငယ်ပိုင်းက ပျော်ချင်လွန်းလို့ လှုပ်လှုပ်ရွရွ လည်တဆန့်ဆန့် ဖြစ်နေတာကိုလည်း သတိထားမိတယ်။ တော်လှန်ရေးသမားကြီးတွေရဲ့ တိုက်ပွဲဝင် သံဟာ လူငယ်တွေကို အားဖြစ်စေတာကတော့ ရှင်းနေပါတယ်။ ကိုယ့်ကို မေးလာ တော့လဲ ရှင်းရှင်းပြတ်ပြတ် ဖြေချလိုက်မိတယ်။ ဆရာဝန်နဲ့အတူ male nurse လို့ခေါ်တဲ့ ယောကျ်ားသူနာပြု တယောက်လည်း ပါလာပါတယ်။ "ငရဲပြည်ကို သူတို့ တတွေ ဘာကြောင့်များ လိုလိုလားလား သွားနေကြပါလိမ့်"လို့များ စဉ်းစားနေ သလားမသိ။ ပထမ သူ့မျက်လုံးများက ဝိုင်းဝိုင်းလည်နေတာကို မြင်လိုက်မိပြီး နောက်တော့ ငြိမ်ပြီး တွေနေပါတယ်။ ဆရာဝန်က တိုက်ပွဲဝင်သူအားလုံးကို ဆေးစစ် တယ်။ ပေါင်ချိန်ကြည့်တယ်။ ပြီးတော့ ဆေးမှတ်တမ်းရေးပါတယ်။ ဒါဟာ နေ့စဉ် လုပ်ငန်းပါ။

အုပ်ချုပ်သူတွေဘက်က ပထမဆုံး လှမ်းလာတဲ့ ခြေလှမ်းကတော့ ရဲနီတင်ငြိမ်းအလောင်းကို တောင်းခြင်း ဖြစ်ပါတယ်။ အလောင်းကို ပြာချပြီး ပြန်ပို့ ပေးမယ်။ ကျန်တဲ့တောင်းဆိုချက်တွေ အထက်တင်ပြထားတယ်။ ဒီကြားမှာ ခင်ဗျားတို့အနေနဲ့ တိုက်ပွဲကို ဆက်တိုက်နိုင်တယ်လို့ ပြောလာကြပါတယ်။ ဒါကို တိုက်ပွဲကော်မတီက ပယ်ချလိုက်ပါတယ်။

ထမင်းဖိုမှ သံချောင်းခေါက်သံများ မကြားရတော့ပါ။ တစခန်းလုံး တိတ်ဆိတ်ငြိမ်သက်နေပါတယ်။ အားလုံးရဲ့ လှုပ်ရှားမှုဟာ ညင်ညင်သာသာချည်း ဖြစ်ကုန်ပါတယ်။ ပြောကြဆိုကြရင်လဲ တိုးတိုးတိတ်တိတ်သာ။

ရဲနီတင်ငြိမ်းရဲ့ ခေါင်းကို သူနေတဲ့ နံပါတ်(၇) အဆောင်နဲ့ အလံ နီဖိုကြား မျက်စောင်းထိုး မြေကွက်လပ်ပေါ်မှာ တဲထိုးပြီး စင်တင်ထားပါတယ်။

## တိုက်ပွဲဝင်ရက်တွေထဲက ဝေဒနာ

ပထမပတ်

အစာအိမ်ရဲ့ တောင်းဆိုမှု ဆန္ဒမှလာတဲ့ အသိအရ မျက်စိထဲမှာ ထမင်းနဲ့အသားဟင်းဆီပြန်ချက် အတုံးကြီးတွေချည်း မြင်ယောင်နေမိတယ်။ အလှူအိမ်မှာ ချက်ထားတဲ့ ဝက်သား တဒယ်အိုးချက်လောက်ကို တယောက်တည်း ကုန်အောင် စားပစ်ချင်နေတယ်။ ဥပုသ်စောင့်စဉ်က ခံစားရတဲ့ ဆာလောင်မွတ်သိပ်မှု ဝေဒနာဟာ တရက်ထက်တရက် ပြင်းထန်လာပါတယ်။ အရှိန်တညီးညီး တောက်လောင်လာရာမှ (၇) ရက်လောက်အရှိမှာ အထွတ်အထိပ် ရောက်ပါတယ်။ မခံမရပ်နိုင်လောက်အောင် ဆာတာပါ။ အိပ်မက်ထဲအထိ အစားအသောက်တွေ တတန်းလန်းလန်း လိုက်ပါလာလေ့ရှိပါတယ်။

ပထမပတ် ဝေဒနာကို စားချင်သောက်ချင်တဲ့ အာသာဆန္ဒတို့ရဲ့ တောင့်တမှု သီတင်းပတ်လို့ နံမည်ပေးချင်ပါတယ်။ ဒီတောင့်တမှုဟာ ဒုတိယပတ်အစပိုင်းရက်တွေအထိ (စုစုပေါင်း ၁၀ ရက်ခန့်) ပေါ်နေတာပါ။

ဆာတာတော့ အမှန်ပဲပေါ့။ ဒါပေမဲ့ ဒီကြားထဲမှာ ကျွန်တော်တို့တတွေ တော်လှန်တဲ့သူရဲကောင်း အာဇာနည်တွေရဲ့အ ကြောင်း ပြုစုချက်တွေကို လေ့လာနေနိုင်ခဲ့ကြတယ်။ စာသမားပေသမားဖြစ်တဲ့ သူတို့နှစ်ယောက်ဟာ အေးဆေးငြိမ်သက်စွာနေရင်း စာတွေဖတ်နေကြတာလည်း မြင်နေရတယ်။ ဆရာရာဂျန်ရဲ့ အတွေ့အကြုံကြောင့် ကျွန်တော်တို့က လူကြီးတွေဖြစ်တဲ့ စာသမား ပေသမား သူတို့နှစ်ယောက်အတွက် ပိုစိုးရိမ်မိကြတယ်။ ပိုအလေးထားကြတယ်။ ဒါကို သူတို့က သိပ်ဂရုထားပုံမရ။ တိုက်ပွဲမှာ နှလုံးမတုန် ရင်မခုန်ဘဲ စနစ်တကျ ပါဝင်ဆင်နွှဲနေကြတာကိုသာ တွေ့ရတယ်။ သူတို့ဟာ ဆီးသွားခန်းလုပ်ထားတဲ့ စတိုခန်းဘက်ကို ဖြည်းဖြည်းချင်း ထလျှောက်လာတတ်ကြတယ်။ စတိုခန်းက ကျွန်တော့်ခြေရင်းဘက်မှာ ရှိတာမို့ သူတို့အပါအဝင် အစာတော်ခံသူ အားလုံးရဲ့ အခြေအနေ ခွန်အားဗလ ကျန်မကျန်ကို ကျွန်တော်က မြင်နေရတယ်။ သူတို့ကို စတိုခန်းနဲ့ နီးတဲ့နေရာမှာ မထားကြတာ မှားသလားပဲလို့ တွေးမိတာလည်းရှိတယ်။ ဒါပေမဲ့ အနံ့ကတော့ သက်သာနိုင်ပါတယ်။ ဒါတောင် လူနည်းတဲ့ အခန်းမို့။

စတိုခန်းအထွက်မှာတော့ ပထမဆုံးတွေ့ရတဲ့ ကျွန်တော့်ကိုရော ကျန် stiker များကိုပါ ပြုံးပြ နှုတ်ဆက်တတ်ကြတယ်။ များသောအားဖြင့်တော့ ပြုစုသူ ရဲဘော်တွေနဲ့ တခါတရံအပျင်းပြေအောင် လာရောက်စကားစမြည်ပြောတတ်ကြတဲ့ ရဲဘော်တွေနဲ့ အချိန်ကုန်ကြတာပါ။ ဒါပေမဲ့ ပြုစုသူရဲဘော်တွေရော အပြင်ရဲဘော်တွေရော striker အချင်းချင်းပါ ခံစားနေကြရတဲ့ ဝေဒနာအကြောင်း "ယောင်"လို့မှ စကားမစပ်မိကြ။ ဒါကို ပြန်စဉ်းစားကြည့်တော့ ပြောစရာမလိုတဲ့ကိစ္စ။ striker ရဲ့

မာနကိုထိခိုက်စေမယ့် ကိစ္စလို့ အလိုလိုခံယူထားကြသလား မသိပါ။ ဒီအထဲက ကျွန်တော်က တဦးချင်းအနေနဲ့ ထုတ်မပြောသော်လည်း စိုးရိမ်နေတဲ့ကိစ္စ တခုတော့ ရှိပါတယ်။ အထူးသဖြင့် ဦးတင်အောင်မှာ အစာအိမ်ရောဂါရှိတယ်လို့ ကြားဖူးထား လေတော့ ဒီဒဏ်ကြောင့် ပိုခံရမလား ဆိုတဲ့ စိုးရိမ်စိတ်ပါ။

ရှည်လျားလှတဲ့နေ့တာတွေကို တနေ့ပြီးတနေ့ ဖြတ်သန်းနေကြရ ပါတယ်။ ဘယ်သူတွေ အိပ်ရာပေါ်လှဲနေနေ ထူးထူးခြားခြား ရဲဘော်အောင်ထီ တယောက်ကတော့ အလယ်အူကြော တမံတလင်းလမ်းအတိုင်း တဖျပ်ဖျပ်နဲ့ လမ်း လျှောက်နေလေ့ရှိပါတယ်။ အိပ်ရာပေါ်လှဲနေချိန် အနည်းဆုံးလူပါ။ ဒီကြားထဲ ရေဒီယိုသတင်းတွေ ကူဖမ်းပေးနေတတ်ပါသေးတယ်။

ထမင်းအသက် (၇) ရက်ဆိုတဲ့ ပထမပတ် ပြီးဆုံးချိန်မှာ တိုက်ပွဲ ကော်မတီက တိုက်ပွဲအရှိန်ရရေး အားသစ်လောင်းရေးအတွက် ပြင်ဆင်ကြပါတယ်။ အလားတူ အုပ်စိုးသူများဘက်ကလည်း ခြေလှမ်းသစ်များ စတင်လှမ်းလာပါတယ်။ ထောင်မင်းကြီး ဦးငြိမ်းလှိုင် ရန်ကုန်က ဆင်းချလာပါတယ်။ ဖိနှိပ်ရေးကိစ္စမှာ ထုံးစံ အတိုင်း သူတို့က ရိုက်ရတဲ့ တုတ်အဆင့်သာပါ။ ရန်ကုန်ထောက်လှမ်းရေးရယ်၊ ကျွန်းပေါ်ရှိရေတပ်က တာဝန်ရှိသူတွေရယ် ညှိနှိုင်းပြီးပေးတဲ့အမိန့်ကို သူတို့က အကောင်အထည် ဖော်ရခြင်းသာ ဖြစ်ပါတယ်။

ဒုတိယပတ် (၈) ရက်မြောက်နေ့

**အလောင်းလုပွဲ**

ဒုတိယအသုတ် တိုက်ပွဲဝင်မယ့်သူ (၃၀) ဟာ ဆားခါးတွေသောက်ပြီး အဆောင်နံပါတ် (၁၀) တိုက်ပွဲဆောင် (၂) မှာ နေ ရာယူလိုက်ကြပါပြီ။ ကျွန်တော်တို့ ရဲဘော်တွေထဲက လူကြီးပိုင်းအနေနဲ့ ဦးခင်မောင်မြင့်၊ ဦးတင်ရီတို့ ပါဝင်လာပါတယ်။ တခြား ထင်ရှားသူ ကျောင်းသားများထဲမှ ကိုဥာဏ်ဝင်း၊ ကိုလှကြည်၊ ဖိုးသံချောင်း၊ ကိုအောင်ဘော်၊ ကိုသက်ဝင်း၊ ကိုညွန့်ခေါင် စသူတို့ကို မှတ်မိနေပါတယ်။ စစ်တပ်မှ ကိုအုန်းမော်၊ တပ်ကြပ်ကြီးမြတ်ဆွေ၊ တပ်ကြပ်ကြီးတင်ဝင်းတို့ ပါပါတယ်။

လုပ်ရိုးလုပ်စဉ် ကြွေးကြော်သံများတိုင်ပြီးတဲ့နောက် မကြာလိုက်ပါ ထောင်မင်းကြီး ဦးငြိမ်းလှိုင်ခေါင်းဆောင်တဲ့ ထောင်အမှုထမ်းတွေဟာ အလောင်းနဲ့ အနီးဆုံးတံခါးပေါက်ဖြစ်တဲ့ စခန်းအရှေ့တောင်ဘက်ထောင့် နောက်ဘေးတံခါး ပေါက်မှာ ဖြန့်ပြီးနေရာယူပါတယ်။ ပထမဆုံး အလောင်းကို တောင်းပါတယ်။ ကျွန်တော်တို့က မပေးပါ။ ဒီတော့ တံခါးကိုဖွင့်ပြီး အတင်း ဝင်လုပါတော့တယ်။ သူတို့ မှာ အင်အား (၁၀၀) ခန့်ရှိလေတော့ အဆိုင်းနဲ့ အလှည့်ကျ ဝင်လုတာကို ကြံ့ကြံ့ခံ တောင့်ထားရပါတယ်။ သူတို့က အားကုန်သုံးတဲ့အခါ ကျွန်တော်တို့ဘက်က မနိုင်မနင်းဖြစ်ပြီး ဒုတိယအသုတ် တိုက်ပွဲဝင်သူတွေပါ ဝင်တားရပါတယ်။ အပြန်

အလှန် တွန်းကြ၊ ကိုယ်လုံးချင်းတိုက်ကြ၊ နင်းကြပါပဲ။ ဒုတိယသုတ် striker တွေမှာ ဆားခါးဒဏ်ကြောင့် အိမ်သာပြေးရ၊ ဝင်ကူရနဲ့ ဖတ်ဖတ်မောနေပါတယ်။ ပထမသုတ် steiker တွေကတော့ ဘာမှမတတ်နိုင်ပါ။ ပွဲကြည့်ပရိသတ်အဖြစ် ထင်မြင်ချက်ပေးရုံ၊ အားပေးရုံသာ တတ်နိုင်ပါတယ်။

ဝါဒါတွေ လက်ပန်းကျသွားတဲ့အခါ တပ်ခေါက်ပြီး သစ်ပင်အောက် ထိုင်သူထိုင် လှဲသူလှဲပြီး အနားယူပါတယ်။ အာဏာ ပိုင်တွေက အရက် (၉) မောင်း တိုက်ပြီး မောင်းတင်လိုက်၊ ထွက်လှလိုက်၊ ပန်းတဲ့အခါ ပြန်နားလိုက် လုပ်နေပါတယ်။ ပြောဖို့ရာ တခုကျန်သွားတာက အလောင်းမလှခင် သူ့တပ်ကိုယ့်တပ်ပြင်နေစဉ် ဒီဘက်မှာ လိုက်လံဦးစီးကြီးကြပ်နေသူ ဆရာရာဂျန်ကို “ဆရာ ဆရာ့အတွက် ဆရာကတော်ပေးလိုက်တဲ့ စာနဲ့အစားအသောက်လေးတွေ ကျွန်တော်နဲ့ပါလာ တယ်။ အပို့လွှတ်လိုက်ရမလား”လို့ သံဆူးကြိုးအပြင်ဘက်က အော်ပြောပါတယ်။ ဆရာရာဂျန် စိတ်တိုစိတ်ရှုပ်သွားပုံရပြီး “ထားလိုက်စမ်းပါဗျာ။ အရေးထဲမှာ တိုက်ပွဲပြီးမှ စကားပြောမယ်”လို့ တုံ့ပြန်လိုက်တာကို ဦးတင်အောင် အကြီးအကျယ် သဘောကျသွားပြီး အသံထွက်အောင် ရယ်ပါတယ်။ အားလုံးကလည်း ဒီအကွက်ကို သဘောကျပြီး ရယ်သူရယ် ပြုံးသူပြုံး ဖြစ်ကုန်ကြပါတယ်။

မွန်းတည့်သွားပါပြီ။ ထောင်ဝါဒါတွေ ဝင်ဝင်လှတဲ့ တံခါးပေါက်လည်း ပြန်ပိတ်သွားပါပြီ။ သူတို့လည်း ထမင်းစားကြ၊ သစ်ပင်အောက်အိပ်ပြီး နားသူနားကြ။ ကျွန်တော်တို့ကလည်း အဆောင်ထဲ ပြန်ဝင်သူဝင်၊ လုပ်စရာရှိတာလုပ်သူလုပ်၊ ကင်း စောင့်သူကစောင့်နဲ့ အချိုကြီး နားလိုက်ကြပါတယ်။ ဒါပေမဲ့ အကောက်ဉာဏ်များလှ တဲ့ ထောင်အမှုထမ်းတွေက အလစ်မှာ အကွယ်တခုမှ သံဆူးကြိုးတွေကို ဖြတ်ကာ တဟုန်ထိုး ပြေးဝင်လာကြတယ်။ နောက်တော့ အလောင်းကို အလွယ်တကူ သယ်မသွားနိုင်ခဲ့တယ်။ ပိုပြီးယုတ်မာပက်စက်တာကတော့ အလောင်းကို လေတင် ကနေ မီးတင်ရှို့လိုက်ခြင်းပါ။ အနံ့ဆိုးကြီးကြောင့် တစခန်းလုံး အော်ဂလီဆန် သွားပါတော့တယ်။ ပြေးရှောင်စရာလည်း မြေကမရှိ။ တိုက်ပွဲကတော့ အရှိန်မပျက် ဆက်လက် ချီတက်ဆဲပါ။

ဒုတိယအပတ်ဝေဒနာ

ရာသီကပူ၊ ရင်တွင်းကပူ၊ ခန္ဓာကိုယ်တခုလုံး မီးတင်ရှို့ခံရသလို လောင်မြိုက်ခြင်းခံနေကြတဲ့အချိန်… ရေသောက်လည်း တခဏပဲ သက်သာတဲ့ အဖြစ်ပါ။ အရသာ အရှိဆုံးကတော့ စခန်းထဲမှာ ကိုယ့်ဘာသာ တူးထားတဲ့ တွင်းနှစ်တွင်းက ရေအေးအေးကို စိမ်ချိုးကြရခြင်းဖြစ်ပါတယ်။ ပြုစုသူ ရဲဘော်တွေက အဆောင်နှစ်ဆောင်ကြား ၄က်ပျောပင်ရိပ်မှာ ရေအေးအေး အရန်သင့် ခပ် ပေးထားတာမို့ လောင်းလိုက်တာနဲ့ တကိုယ်လုံး အေးမြသွားပြီး ရပ်ချင်တော်ချင် စိတ်မရှိတော့ပါ။ ခပ်ပေးတဲ့ ရဲဘော်တွေကို အားနာ လို့သာ ရပ်လိုက်ကြရပါတယ်။

ပြုစုရေး တာဝန်ယူထားတဲ့ ရဲဘော်တွေဟာ အင်မတန် ပင်ပန်းကြပါတယ်။ တွဲခေါ် ရေချိုးပေးရုံသာမက သန့်ရှင်းရေးလုပ်ပေး၊ အဝတ်တွေကို စုပြီး ပြုတ်လျှော်ပေးတာလည်း လုပ်ရပါတယ်။ စကားစမြည် ထိုင်ပြောပေးရတာကတော့ အမြဲတမ်းအလုပ်ပါ။ နောက်ပိုင်းရောက်တဲ့အခါ လမ်းလျှောက်ချင်ရင် တွဲလျှောက်ပေးရပါတယ်။ သူတို့တတွေဟာ အပြောင်းအလဲတွေကို အမြဲတမ်း မျှော်လင့်ထားရပြီး လူရောစိတ်ပါ "သတိ" အနေအထားမှာ ရှိနေကြရပါတယ်။ တိုက်ပွဲဝင်သူတွေကတော့ ဘေးမှာ ရဲဘော်တွေရှိနေတာမို့ စိတ်ကို တဖြောင့်တည်း ထားပြီး တိုက်လို့ရပါတယ်။ (နဝတခေတ်၊ နအဖခေတ်မှာတော့ ဒီအခွင့်ရေးမျိုးတောင် မပေးပါ။ ပိုဆိုးပါတယ်။ နှိုင်းယှဉ်ကြည့်ရင် မဆလခေတ်က အတုအယောင် ဆိုရှယ်လစ် မျက်နှာဖုံးစွပ်ထားတဲ့ခေတ်၊ ဒီခေတ်ကျတော့ ပြောင်ပြောင်တင်းတင်း စစ်အုပ်ချုပ်ရေး ဘီလူးခေါင်းဆောင်းထားတဲ့ခေတ်ပေကိုး။)

ဒုတိယအသုတ်ဝင်တဲ့အချိန်မှာ ပြုစုသူအနေနဲ့ ခြေနိုင်လက်နိုင်ရှိပါသေး တယ်။ striker တွေကလည်း အချို့ကိစ္စတွေမှာ ကိုယ်ထူကိုယ်ထလုပ်နိုင်တဲ့ အနေအထားပါ။ ဒါပေမဲ့ တတိယအသုတ် ဝင်လာတဲ့အချိန်ကျတော့ ပြုစုခံမယ့် သူကများ၊ ပြုစုသူဦးရေက နည်းသွားပါပြီ။ အရပ်သားစကားနဲ့ ပြောရရင် ဘယ်သူမှ 'မချောင်' ပါ။ အဘိုးကြီးများလည်း အဘိုးကြီးများအလျောက် အိပ်ရေးပျက်ထားလို့ မျက်တွင်းတွေက ဟောက်ပက်။

ဒုတိယအပတ်မှာလည်း striker များအဖို့ ဆာလောင်မွတ်သိပ်ခြင်း ဒီဂရီက ကျမသွား။ ဒါပေမဲ့ တမ်းတမှု အမျိုးအစားမှာတော့ ခြားနားသွားပါပြီ။ ဆီပြန်ဟင်းတွေကို မတောင့်တတော့ပါ။ မုန့်တွေ၊ ပေါင်မုန့်၊ ကိတ်မုန့်၊ ထိုးမုန့်၊ ဟာလဝါ၊ ကရေကရာမှ မုန့်ပြားသလက်အထိ ခေါက်ဆွဲ၊ မုန့်ဟင်းခါး၊ ကြာဇံကြီး ချက်လည်း စားချင်ပါတယ်။ နောက်ပြီး နွားနို့ချိုချိုဆိုလည်း တပုံးလောက်ကို တယောက်တည်းနဲ့ ကုန်မယ်ထင်နေပါတယ်။

တတိယအပတ်

တတိယအသုတ်အနေနဲ့ နောက်ထပ် (၄၇) ယောက် တိုက်ပွဲဝင်လာပါတယ်။ တတိယအသုတ်ကို အဆောင်နံပါတ် (၈) မှာ ထားပြီး၊ ပိုတဲ့သူတွေကို အလံနီဆောင်ဖြစ်တဲ့ အဆောင်နံပါတ် (၇) မှာ ထားပါတယ်။ တိုက်ပွဲဝင်သူဦးရေဟာ ထိန်းသိမ်းဦးရေရဲ့ တဝက်နီးပါး ဖြစ်လာခဲ့ပါပြီ။ ကျွန်တော်တို့အဖွဲ့အစည်းအနေနဲ့ ပြောရရင် stiker ဦးရေက ပိုများနေပါတယ်။

အခုအချိန်အထိ အာဏာပိုင်တွေဘက်ကလည်း ခပ်အေးအေး။ ကျွန်တော်တို့ဘက်ကလည်း အရှိန်မှန်မှန်နဲ့ ချီတက်နေဆဲ။ stiker တွေရဲ့ ပေါင်ချိန်တွေကတော့ တပေါင်ပြီးတပေါင် လျော့ကျလာနေပါတယ်။ စိတ်ဓာတ် ဘက်မှာတော့ တောင်တက်ခရီးကို တထစ်ပြီးတထစ် တက်လှမ်းနေကြသလို ခံစားမိပါတယ်။

သွေးပူလေ့ကျင့်ခန်းပြီးလို့ အရှိန်ရစလည်း ပြုနေပါပြီ။ အဖွဲ့အစည်းပေါင်းစုံ ပါဝင်ကြတာမို့ အားကျမခံစိတ်တွေကလည်း ကိုယ်စီရှိနေကြပါတယ်။

တတိယအပတ်ဝေဒနာ

အားရပါးရ ဝါးစားရတဲ့အစားအသောက်မျိုးတွေကို မတမ်းတတော့ပါ။ ရေခဲစိမ်ဘိလပ်ရည်၊ ကြံရည်၊ ဖာလူဒါ၊ အိုက်စကရင် စသည့်မျိုး၊ အရည်ရွှမ်းတဲ့ သစ်သီးများကိုသာ တောင့်တလာပါတယ်။ အဆောင်ဘေး သဘော်ပင်တွေပေါ်က မှည့်ဝင်းနေတဲ့ သဘော်သီးတွေကို အာသာငမ်းငမ်းကြည့်မိတယ်။ တော်တော်ဒုက္ခပေးတဲ့ အရာတွေပါလား။ စားမယ့်သူမရှိ တန်ဖိုးမဲ့ ဖြစ်နေရှာကြတယ်။

ရင်ထဲဝမ်းထဲမှာ ပူနေတဲ့ အသိပဲရှိတယ်။ ဟုန်းဟုန်းထနေတာပါ။ ရာသီကလည်း ပူတဲ့လ၊ ကိုယ်နဲ့တွေ ကြောင့်ပဲလား၊ တိရစ္ဆာန်တွေရဲ့ ဇီဇအသိကြောင့်လား မပြောနိုင်။ ပုရွက်ဆိတ်ကလည်း လှုပ်ရမှာ အားမရှိတော့တဲ့ လူနာတွေကို တက်ပြီး ကိုက်ကြပါတယ်။ အသားတွေကို ဖွဲ့စားနေကြတာပါ။ ကိုက်တဲ့နေရာမှာ တွင်းကလေးတွေ ဖြစ်ကျန်ရစ်ပါတယ်။ ဒါကြောင့်လည်း လူနာစောင့် ရဲဘော်တွေက စောင့်ပြီးသတိပေးနေရပါတယ်။ သူတို့မှာလည်း အလုပ်က အများသား၊ striker တွေများလာတော့ တဦးချင်းလည်း စောင့်မကြည့်နိုင်။ တခြားဘက်လှည့်သွားတာနဲ့ ဒီဘက်မှာ ကိုက်နှင့်ပြီး၊ နောက်တော့ လူနာဘေးမှာ အတားအဆီးအဖြစ် ရေနံဆီကွင်းပြီး သုတ်ပေးပါတယ်။ ပုရွက်ဆိတ်ပြဿနာ တက်တာဟာ တတိယအပတ် ကုန်ခါနီးအချိန်လို့ မှတ်မိနေပါတယ်။

ပူတဲ့လောင်တဲ့ကိစ္စကို ပြောခဲ့ပါပြီ။ ဒါတောင် ကျွန်တော်တို့ အသုတ်က (၁၆) ယောက်ထဲ နေရတာမို့ လူကချောင်၊ လေဝင်လေထွက် ကောင်းပါတယ်။ လူ (၃၀) စီနေရတဲ့ ဒုတိယအသုတ်နဲ့ တတိယအသုတ် အခန်းတွေမှာတော့ ပိုပြီး ပူလောင်ပေလိမ့်မယ်။ ဒါကြောင့်လည်း ညနေစောင်းတာနဲ့ အဆောင်ထဲက ထွက်ထွက်လာတတ်ကြပြီး အဆောင်နှစ်ဆောင်ကြားရှိ ငှက်ပျောပင်ရိပ်၊ သဘော်ပင်ရိပ်တွေမှာ ခိုကြရတယ်။

တတိယပတ်ကျော်လာတော့ ရေချိုးထွက်သူတွေရဲ့ ပုံပန်းသဏ္ဍာန်ဟာ နိမိတ်ကြီး (၄) ပါးထဲက သူအို သူနာတွေအတိုင်း ဖြစ်လာပါတယ်။ အရပ်ရှည်ရှည်နဲ့ နဂိုကမှ ပိန်ကြတဲ့ ဦးတင်အောင်တို့ ကိုအုန်းမြင့်လှိုင်တို့ဆိုရင် နှီးပြား ထောင်ထားသလို ဖြစ်နေပါ ပြီ။ ကျွန်တော်တို့လည်း ရေချိုးတဲ့အခါ ရေလောင်းလိုက်တာနဲ့ ခါးရှုံ့ဘောင်းဘီတို အောက်လျှောလျှော ပါသွားတတ်လို့ လက်နဲ့ ကပြာကသီဆွဲတင်ရတာ အကြိမ်ကြိမ်ပါ။

ကျွန်တော် သေသေချာချာ မှတ်မိနေပါတယ်။ အဆောင် မြောက်ဖျားကနေပြီး တရွေ့ရွေ့လျှောက်လာတဲ့ သူ့ပုံသဏ္ဍာန်ပါ။ ရှည်လျားလှတဲ့ သူ့အရပ်ကြီးဟာ ပိုရှည်လာသလားလို့တောင် ထင်လိုက်မိတယ်။ ပြုစုသူရဲဘော်က ဘေးနားမှာ

ကပ်လိုက်ပါလာပေမယ့် တွဲစရာမလို သူ့ဘာသာ လျှောက်လှမ်းလာပါတယ်။ ဆီး သွားခန်းထဲဝင်သွားပြီး ပြန်အထွက်မှာ ကျွန်တော်တို့ အိပ်စင်ဘက် ကြည့်လိုက်ကာ ပြုံးနှုတ်ဆက်ပါတယ်။ နှုတ်ကတော့ ဘာသံမှ ထွက်မလာပါ။ တရွေ့ရွေ့ လျှောက်လှမ်း သွားတဲ့ သူ့ကျောပြင်ကို ကြည့်ပြီး လွန်ခဲ့တဲ့နှစ်က ဘော်လီဘောတပွဲကို ပြန်သတိ ရလိုက်မိပါတယ်။ စက်တင်ဘာတရက် ပြည်သူ့တပ်မတော်နေ့ အထိမ်းအမှတ်ပွဲနေ့ မှာ အားကစားပြိုင်ပွဲ ပျော်ပွဲ ရွှင်ပွဲလေးများလုပ်ဖြစ်ကြပါတယ်။

ဒီစဉ်က ရုပ်အင်္ကျီလက်ရှည် အနီရင့်ရင့်ကြီး ဝတ်လို့ လင်းယုန်ကြီး ဟာ ရှေ့တန်း ခုတ်ရိုက်သူအဖြစ် လွှားခနဲလွှားခနဲ ခုန်ပျံ ကစားနေပါတယ်။ ဒါပေမဲ့ သူတို့ခေတ်ကစားနည်းနဲ့ ခုကစားနည်းစနစ် စည်းမျဉ်းတွေက မတူတော့ပါ။ ဒါကြောင့် ဖောင်း ခဏခဏ အပေးခံနေရပါတယ်။ ဒါကြောင့် သူတို့အသင်း ကက်ပတိန်က သူ့ကိုထုတ်လိုက်ပါတယ်။ ကက်ပတိန်လုပ်သူက လူငယ်ကျောင်းသား တယောက်ပါ။ ဒါပေမဲ့ သူက ကျိုးနွံစွာ ကွင်းထဲက ထွက်ပေးရှာပါတယ်။

လူကြီးများချည်း ကစားတဲ့ပွဲမှာလည်း သူဝင်ကစားပါတယ်။ ဒီပွဲကတော့ ပြိုင်ပွဲမဟုတ်၊ ပျော်ပွဲဖြစ်လို့ စည်းကမ်းမထား။ ဟိုဘက်ရောက်ရင် ပြီးရောဆိုတဲ့ ပွဲမျိုးပါ။ ဆရာရာဂျုန်ကြီး ဗိုက်ကို ဘော့လုံးမှန်လို့ ဗိုက်ပွတ်ပြီး ထွက် သွားရတာ၊ ဦးမြသန်း ဘော့လုံးကို မျက်မှန်း မှန်း ကစားနေတာတွေ တွေးမိတော့ လည်း ပြုံးချင်သလိုလို အဖြစ်မိသား။

ညမှာကတဲ့ ပြဇာတ်တပုဒ်မှာလည်း သူနဲ့ ဦးမြသန်းကို ချစ်စနိုး နောက်ပြောင်ကြတဲ့ အကွက်တွေ ထည့် ထားပါတယ်။ ရုပ်နဲ့နာမ် ဘယ်ဟာက အဓိကကျသလဲ ဆွေးနွေးကြရာမှာ ဆရာတော် ဦးဓမ္မ ကပ္ပိယဦးပေသီးနဲ့ ဒကာကြီး တယောက်ရဲ့ ဆွေးနွေးခန်းကို ပရိသတ် သဘောကျကြပါတယ်။

ဆရာတော်က သူ့မှာ ဒကာနှစ်ယောက် ရှိတယ်။ ဒီအထဲက ဒကာ မောင်မြသန်း မေတ္တာအသချေ်ဝတ္တု ဘာကြောင့်ရေး ရတယ်ဆိုတာနဲ့ အုပ်ထည့် လိုက်တယ်။

ကျန်ဒကာ မောင်တင်အောင်ကတော့ အားတဲ့အခါ အုန်းပင်ပဲ စိုက်နေလေ့ ရှိကြောင်း စကားခင်းလိုက်ပြန် တယ်။ ကပ္ပိယ ဦးပေသီးက “အုန်းသီး ဘယ်နှစ်လုံးသီးပြီလဲဘုရား”လို့ထောင်မေးလိုက်တယ်။ ဒီအခါကျမှ ဆရာတော်က “နှစ်လုံးပဲ သီးတာတွေ့ရသကွဲ့”လို့ ဆော်ထည့်လိုက်တာကို သူတဟားဟား ရယ်နေတဲ့ ပုံကိုလဲ မြင်မိတယ်။ တခါ ကိုမြင့်ဦးသစ်ကြီးက “ဒေါက်တာရေချမ်း”ကို လောင်တဲ့အနေနဲ့ “ပါမောက္ခ ကြပ်ခိုး”ဆိုတဲ့ တခန်းရပ်ပြဇာတ်လေး တင်ခဲ့တာလည်း ရှိတယ်။

သူတို့နှစ်ယောက်စလုံးဟာ နံမည်ကျော် စာရေးဆရာကြီးများ လည်း ဖြစ်ပြန်၊ လူငယ်တွေကိုလည်း လေးလေးစားစား တန်ဖိုးထား ဆက်ဆံလေ့ရှိပြန် တာကြောင့် အားလုံးဟာ ခင်မင်ကြပါတယ်။ သူတို့ရဲ့ လှုပ်ရှားမှုကို အားလုံး က

စိတ်ဝင်စားကြပါတယ်။ ဦးမြသန်းက မယ်ဒလင်လေးတီးလိုက် တယောလေး ကောက်ထိုးလိုက်ရင်လည်း စိတ်ဝင်စားကြ၊ ခံစားကြ၊ မေးခွန်းတွေ ထုတ်တတ်ကြတယ်။ သူကလည်း ငယ်စဉ်မှာ "မယ်ဒလင် ယုကြိုင်" လက်မီအောင်ဆိုပြီး လေ့ကျင့်ပုံကအစ ပြန်ပြောလေ့ရှိပါတယ်။ ဦးတင်အောင် တယောထိုးရင်တော့ ဆွေးဆွေးမြေ့မြေ့ တမ်းတမ်းတတနဲ့ စွဲထင်နေအောင် ရေးဖွဲ့တတ်တဲ့ သူ့ဝတ္ထုတွေ သူ့ဇာတ်လိုက်တွေကို မြင်ယောင်မိတတ်ကြတယ်။ သူလည်း ခုတော့ ကိုကိုးကျွန်းရဲ့ ငွေလသာတဲ့ညချမ်းတွေမှာ "ဘုန်းမောင်တယောက်ထဲရယ်" ပါလားလို့ စာနာမိကြတယ်။

ကျွန်းဘဝမှာ ဦးတင်အောင် စာရေးတယ်ဆိုတာပဲ သိပါတယ်။ စကားမစပ်မိလို့ ဘာတွေရေးပြီးမှန်း မသိပါ။ တခန်းတည်းသား ဦးမြသန်းကိုတော့ ရဲဘော်တွေအတွက် လိုအပ်မယ့်ဘာသာပြန်တွေ တွန်းပြန်တာ တွေ့ရတယ်။ စာတွေကို မျက်မှန်နဲ့ ပွတ်တိုက်ပြီး ဖတ်နေတာပါ။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး မေးမိတဲ့အခါ ဗမာပြည်မှာ ပါဝါအများဆုံး လင်းယုန်ဦးဘဝင်းက ဒီဂရီ (၁၆၀၀)၊ သူက ဒီဂရီ (၁၅၀၀) ရှိကြောင်း ပြောဖူးတာကိုလည်း ရေးရေးပြန်ပေါ်လာပါတယ်။ နှစ်ကြာလာတော့ အမှတ်လွဲလာတာလည်း ဖြစ်နိုင်ပါတယ်။

ဦးမြသန်းအနေနဲ့ ရှိတဲ့စာအုပ်တွေ ဖတ်ကုန်သွားပြီး ဖတ်စရာ မကျန်တော့ဘူးလို့ ဘယ်တော့မှ ညည်းတွားလေ့မရှိ။ ဖတ်စရာ ပါးလျားသွားတဲ့အခါ အဘိဓာန်စာအုပ်ကြီးတွေ ကောက်ဖတ်နေတာ တွေ့ရတတ်တယ်။ ဖတ်တာကလည်း အခေါက်ခေါက် အခါခါ။ ဝတ္ထုဖတ်သလို ဖတ်နေတာ ဖြစ်ပါတယ်။ တခါ တလေ အလွတ်ကျက်နေသလားလို့တောင် ထင်မိပါတယ်။သိချင်တဲ့ စာလုံးတွေရှိမှ ကောက်လှန်တတ်တဲ့ ကျွန်တော်တို့အဖို့ နမူနာ ယူစရာပါ။

ဘာသာပြန်တဲ့အခါမှာလည်း သူက စာအုပ်နဲ့ မျက်မှန်ပွတ်ဆွဲသွားရာက အလွတ်ရွတ်သွားတဲ့စကားသံကို နောက်က လိုက်ရေးကြရတာပါ။ ဘာသာပြန်ပြီးတဲ့အခါ အလုပ်သမားရဲဘော်ကြီးတွေကို အရင်ဖတ်ခိုင်းပြီး နားလည်မလည် မေးပါတယ်။ နောက်ဆုံး ဒူးရင်းသို့ ချေပချက်ကို ဘာသာပြန်စဉ်က ဘာသာရပ်အသီးသီးနဲ့ ချေဖျက်တုံ့ပြန်တဲ့စာအုပ်မို့ ဆေးကျောင်းသား၊ သင်္ချာဆရာ၊ ရူပဗေဒ၊ ဓာတုဗေဒ ကျောင်းသားတွေနဲ့ ဝေါဟာရညှိနှိုင်းတာ အပြန်အလှန် ဆွေးနွေးကြတာ ပြီးတဲ့အခါ ယဉ်ကျေးမှု ရေချိန်အနိမ့်ဆုံး ရဲဘော်တွေကို ပေးဖတ်တာတွေ သတိရမိပါတယ်။ ဒီဘာသာပြန်ကို သူ အတော် စိတ်ကြိုက်တွေ့ပုံလည်း ရတယ်။ သိမ်းချင် သိမ်းပါစေ။ ကျွန်းကပြန်ရတဲ့အခါ သယ်သွားမယ်လို့ ပြောဖူးပါတယ်။

တရက်မှာ (၄) ဆောင်က ရဲဘော်တသိုက် အလုပ်ရှုပ်နေကြပါတယ်။ တူရွင်းတွေ ပေါက်တူးတွေနဲ့ အဆောင်ဘေးမှာ တူးဆွနေကြတာတွေ့လို့ "ဘာလုပ်နေကြတာတုန်း" မေးမိပါတယ်။ အားလုံးက ပြုံးစေ့စေ့နဲ့ ပါးစပ်မှာ လက်ညှိုးကို ကန့်လန့်ဖြတ်တင်လိုက်ကြပြီး "ရှူး" လို့ အသံပြုကြပါတယ်။ နောက်မှ တယောက်က "ဗန်းမော်ဆရာတော့်အံကပ် ကြွက်ချီသွားလို့ ကြွက်တွင်းတွေ လိုက်

တူးနေတာ”လို့ ပြောပါတယ်။

တလလောက်ရှိတော့ ဆီးထသွားရမှာတောင် ခွန်အားမရှိတော့ပါ။ ဒါ့ကြောင့် စည်သွပ်ပုံးခွံတွေကို ခြေရင်းမှာ ထားပေးရပါတယ်။ ပေါက်ပြီးတာနဲ့ ပြုစုသူက သွားသွန်၊ ဖိနိုင်ရေနဲ့ ဆေးပြီးပြန်ထားပါတယ်။ ဆိုးတာက လူနာတွေဟာ အာရုံ ခံစားမှုသိပ်ထက်မြက်လာလို့လား၊ ခံနိုင်ရည်မရှိတော့တာကြောင့်လားမသိ၊ ရေနံဆီနံ့၊ အသားဟူးနံ့၊ ဖိနိုင်နံ့ စတာတွေကို မခံနိုင်ကြခြင်းဖြစ်ပါတယ်။ အားသိပ်နည်းလာပြီမို့ ဆရာဝန်လာတဲ့အခါမှာလည်း ဘယ်သူမှ ပေါင်ထမချိန်ကြတော့ပါ။ စားချင်သောက်ချင်စိတ်လည်း တယ်မရှိတော့ပါ။ သို့သော် ဘယ်သူတွေ ဘယ်လိုဖြစ်နေနေ ရဲဘော်အောင်ထီတယောက်ကတော့ တွဲသူမပါဘဲ လမ်းလျှောက်၍ ကောင်းဆဲပါ။

## မှတ်ကျောက်တင်ပွဲ

အာဏာပိုင်တွေက ကျွန်တော်တို့ တောင်းဆိုချက် (၅) ချက်မှာ ပထမအချက်ကို အကြမ်းဖက် ဖြေရှင်းလိုက်ပြီးတဲ့နောက် အခြေအနေကို စောင့်ကြည့်ခဲ့ပါတယ်။ စခန်းထုရဲ့ တစည်းတလုံးထဲ ဆင့်ကဲဆင့်ကဲ တိုက်ပွဲဝင်လာမှုများ တွေ့လာပြီးတဲ့နောက် ကျန် တောင်းဆိုချက် (၃) ချက်ကိုလည်း ခွင့်ပြုမယ့်အကြောင်း ပြောလာပါတယ်။ သို့သော် နံပါတ် (၅) အချက်ဖြစ်တဲ့ အိမ်နဲ့စာရေးသား ဆက်သွယ်ခွင့်ကိုတော့ မပေးနိုင်ဟု တင်းခံပါတယ်။ ကျွန်တော်တို့ဘက်ကလည်း နံပါတ် (၅) အချက်ဟာ အရေးကြီးတဲ့ နိုင်ငံရေး တောင်းဆိုချက်ဖြစ်လို့ လျှော့မပေးနိုင်ပါ။

ကိုကိုးကျွန်းမှာ ကျွန်တော်တို့ကို ထားတဲ့ စခန်းအပြင် နောက်ထပ်စခန်း (၂) ခုလည်း ဆောက်ထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ထားရာနေ၊ ကျွေးတာစား၊ ခိုင်းတာလုပ်ပေးလို့ သူတို့ရဲ့ ကိုယ်ထူကိုယ်ထပေါ်လစီ အောင်မြင်သွားရင် နောက်ထပ်နိုင်ငံရေးအကျဉ်းသားတွေ ဟောတသုတ် ဟောတသုတ် ပို့ပါလိမ့်ဦးမယ်။ အချက်အလက်တွေ ပြည့်စုံလာတဲ့အခါ မိမိတို့ ရဲ့ သားမယားတွေပါ အပို့ခံရနိုင်ပါသေးတယ်။ “စခန်းတနေရာ”လို့ လျှို့ဝှက် နံမည်ပေးထားတဲ့ နေရာမှာ နေပြီး ပြည်သူတွေနဲ့ အဆက်ဖြတ်ခံနေရတာကို ကျွန်တော်တို့ မလိုလားပါ။ ဒါကြောင့် နံပါတ် (၅) အချက်ဟာ အရေးကြီးပါတယ်။ နောက်ပြီး သူတို့ရဲ့ ပေါ် လစီ မအောင်မြင်ရေးဟာလည်း ကျွန်တော်တို့အတွက် သမိုင်းပေးတာဝန်ပါ။

တစခန်းလုံးအတွက် တာဝန်ယူ ခေါင်းဆောင်နေတဲ့ တိုက်ပွဲကော် မတီမှာ အဖွဲ့အစည်းပေါင်းစုံက ပါဝင်ကြပါတယ်။ လွတ်လပ်ရေးလှုပ်ရှားမှုမှာ ပါခဲ့သူတွေ၊ ပြည်တွင်းစစ်မှာ ဖြတ်သန်းခဲ့ရသူတွေ၊ ဒီမိုကရေစီရေး မြေပေါ်မြေအောက် နိုင်ငံရေးမှာ

ကျင်လည်ခဲ့သူတွေဖြစ်လို့ အုပ်စိုးသူတွေရဲ့ အထာကို နောကျေနေကြသူတွေပါ။ အတွေ့အကြုံ ကြီးမားကြသူတွေမို့ တိုက်ပွဲရဲ့ အလားအလာ ကိုလည်း မှန်မှန်ကန်ကန် တွက်ချက်နိုင်သူတွေလည်း ဖြစ်ပါတယ်။ တိုက်ပွဲဝင်တဲ့သူအားလုံးကလည်း ကိုယ့်ခေါင်းဆောင်တွေအပေါ် ယုံကြည်မှု အပြည့်ရှိကြပါတယ်။ ကိုယ်ကျိုးစီးပွားအတွက် ကိုယ့်ရဲဘော်တွေကို ရောင်းစားမယ့်သူမဟုတ်၊ ခေါင်းဆောင်ရော နောက်လိုက်ပါ ကိုယ့်ပါတီ ကိုယ့်အဖွဲ့အစည်းရဲ့ နံမည်ကို ညစ်နွမ်းစေမယ့်သူတွေ မဟုတ်။

ဒါ့ကြောင့်လည်း တိုက်ပွဲဝင်ရတာ စိတ်ဖြောင့်ကြပါတယ်။ တိုက်ပွဲကတော့ နိုင်မှာပါ။ ဒါပေမဲ့ အရင်းအနှီး ဘယ်လောက်ပေးရမလဲဆိုတာတော့ ကျွန်တော်တို့လည်းမသိ။ ခေါင်းဆောင်တွေလည်း ပြောနိုင်ပုံမရ။

တလလောက်အရမှာ ရေစိမ်စိမ် ချိုးနေမိရာက ကျွန်တော် အအေးမိသလို ဖြစ်သွားတယ်။ ရေလည်း သောက်လို့မရ၊ ရေတစက်ဝင်တာနဲ့ အဝါရည် အစိမ်းရည်တွေ အံထွက်လာပါတယ်။ တခါအန်ပြီးတိုင်း လူက အားကုန် မောဟိုက်သွားတတ်တာမို့ ရေဝင်မှာကိုပင် ကြောက်နေမိတယ်။ ဒါကြောင့် ရေကို အသာငုံငုံထားပြီး ထွေးထုတ်နေရပါတယ်။ ပေါင်ချိန်လည်း သိသိသာသာ ကျလာတယ်။ နောက်ပိုင်း ဖြစ်ရပ်များကတော့ ဝိုးတဝါးသာ ထင်ကျန်ရစ်ပါပြီ။

နောင် သူများပြောပြမှ ရက် (၄၀) အပြည့် နေ့ခင်းမှာ ကျွန်တော် သတိလစ်သွားတယ်– တဲ့။ အဲဒီညမှာပဲ ထောင်အာဏာပိုင်တွေက နံပါတ် (၅) တောင်းဆိုချက်ကို ပေးလိုက်လို့ တိုက်ပွဲပြီးသွားတယ်လို့ သိရတယ်။

ရက် (၄၀) တိုက်ပွဲပြီးတာနဲ့ နာတာရှည် လူမမာတွေကို ပြည်မပြန်ပို့ပေးပါတယ်။ ပြန်ပို့တဲ့ စာရင်းထဲမှာ ကျွန်တော်ပါပေမယ့် ကျွန်တော်က ငြင်းလိုက်လို့ ကျန်နေရစ်ခဲ့တယ်။ စည်သွပ်ဗူးအစား အသားစိုတွေ ပေးပါတယ်။ နောက် သင်္ဘောတပတ်မှာတော့ သတင်းစာတွေ ပါလာတယ်။ ကျွန်တော်တို့ ရေးတဲ့စာတွေလည်း သင်္ဘောက သယ်သွားပါပြီ။ တိုက်ပွဲပြီးစ ပါးစပ်ထဲဖြဲထည့်လိုက်တဲ့ ပထမဆုံး ဂလူးကို့စ် တစက်ရဲ့ အရသာနည်းတူ ချိုမြိန်လိုက်တဲ့ဖြစ်ခြင်း။

ကျွန်တော် နာလန်ထတာ နှေးပါတယ်။ လမ်းလည်း လျှောက်လို့မရပါ။ အိပ်ရာထဲ လှဲချင်လှဲ၊ ဒါမှမဟုတ် ထိုင်နေတဲ့အချိန်က များပါတယ်။ ကျွန်တော် စိုးရိမ်နေတဲ့ ဦးတင်အောင်ကတော့ သူနေတဲ့အဆောင် (၄) ကနေ ကျွန်တော်တို့ အဆောင်ရဲ့ တောင်ဘက် ဘော်လီဘောကွင်းကို ဖြတ်ပြီး နေ့စဉ်အိမ်သာတက်ရလေတော့ အိမ်သာက ဆင်းလာတာနဲ့ ကျွန်တော့်ဘေးမှာ လာလာ ထိုင်တတ်ပါတယ်။ ပြီးတော့ ကျန်းမာရေးအခြေအနေကို မေးပါတယ်။

တရက်မှာတော့ ကျွန်တော်က "ဒါနဲ့ ဦးတင်အောင် တိုက်ပွဲရက်တွေတုန်းက ဦးတင်အောင်ရဲ့ ဂတ်စထရိုက် (အစာအိမ် ရောဂါ) က ဘာများ ထူးထူးခြားခြား ဖော်ပြသလဲ"လို့ မေးမိပါတယ်။ သူက အားရပါးရ ပြုံးလိုက်ကာ "အဲဒီတုန်းက ဘာမှ မထူးခြားဘူး။ ခုမှ ထူးခြားသလိုလို ရှိလာတယ်။ မရှိတော့ဘူး။ ပျောက်

သွားသလိုလိုပဲ”တဲ့။

(၅)

အနှစ် (၂၀) သမိုင်း

“လူမှန် နေရာမှန်” ဆိုစကားအရပြောရင် ဒီအကြောင်းတွေကို သူတို့ ရေးသွားကြရမှာပါ။ “တချိန်ချိန် တခါခါမှာ ရေးမယ်” ဆိုတဲ့ သန္နိဋ္ဌာန် သူတို့အသီးသီးမှာ ရှိပါလိမ့်မယ်။ စာရေးဆရာတယောက်အဖို့ အထူးသဖြင့် တော်လှန်သော စာရေးဆရာတယောက်အဖို့ ဒါထက်ကောင်းတဲ့ ကုန်ကြမ်းတွေ တခြားနေရာမှာ ရှာတွေ့ဖို့ ခဲယဉ်းတယ် မဟုတ်လား။

လူပုဂ္ဂိုလ်တယောက်အနေနဲ့ ဦးတင်အောင်ကို ကြည့်ကြတဲ့အခါ အကဲဖြတ်တဲ့အခါ ရှုထောင့်တွေ တူချင်မှ တူကြပါလိမ့်မယ်။ ဒါပေမဲ့ လူတန်းစားရပ်တည်ချက်ရှိတဲ့သူ၊ ဖောက်ပြန်တဲ့အုပ်စိုးသူ အဆက်ဆက်ကို တော်လှန်တဲ့သူ၊ ပြည်သူကို အလုပ်အ ကျွေးပြုတဲ့သူ၊ ပြည်သူ့စာရေးဆရာ၊ နောက်ပြီး ပြည်သူတွေက ချစ်သောစာရေးဆရာ ဆိုတာမှာတော့ အငြင်းပွားကြမယ် မထင်ပါဘူး။ ဒါကို သူ့ရှာပန အခမ်းအနားမှာ အားလုံးက မြင်တွေ့ခဲ့ကြပါပြီ။ သူကွယ်လွန်ပြီး အနှစ် (၂၀) ကြာတဲ့အထိလည်း ဖော်ပြခဲ့ကြ ပါပြီ။ တန်ဖိုးဆိုတာ ဒါပါပဲ။ သူနဲ့ ပတ်သက်လို့ မိမိဘာသာ နိဂုံးချုပ်ထားတဲ့အချက် (၃) ချက်ရှိပါတယ်။

၁။ “သေသွားမှဖြင့် သေသွားသူဆီက ဘာမှမရနိုင်”ဆိုတာ မှားတယ်။

၂။ လူတယောက်ရဲ့ တန်ဖိုးကို မှန်မှန်ကန်ကန် အကဲမဖြတ်နိုင်ခဲ့ရင် သူ့ဆီက ရနိုင်တဲ့ “တန်ဖိုး”တွေ လက်လွတ် ဆုံးရှုံး သွားတတ်တယ်။

၃။ လူတယောက်ကို အကဲဖြတ်တဲ့အခါ အနည်းဆုံး အနှစ် (၂၀) လောက် အချိန်ယူသင့်တယ်ဆိုတာတွေပဲ ဖြစ်ပါတယ်။ ။

ရဲဘော်စိုးချစ်

# ပြန်မပြောနိုင်သူများအပေါ် တဖက်သတ်စီရင်ချက်ချသူ

## တာရာလင်းယုန်

ပြီးခဲ့သည့် ဇူလိုင်လထုတ်မဟေသီမဂ္ဂဇင်း၊ အမှတ် ၂၅၉၊ စာမျက်နှာ ၅၈ တွင်ပါရှိသည့် ကိုဦးဆွေ၏ အင်တာဗျူးအခန်းကို ဖတ်ပြီး ပြောချင်သောစကားများ ပါးစပ်ဖျားတွင် စုပြုံရောက်ရှိလာသည်။ သူက ဟာသစာရေးဆရာ နီကိုရဲကို အင်တာဗျူးသည့် "နီကိုရဲနှင့်တွေ့ဆုံခြင်း၊ ပထမပိုင်း"ဆိုသည်၏ နောက်ပိုင်းနားတွင် "ဒဂုန်တာရာ၊ ဗန်းမော်တင်အောင်၊ ကြည်အေးတို့ရဲ့စာတွေ ဘာလို့ လူအများစုဆီ ပျံ့နှံ့မလာတော့ တာလဲ"ဟုမေးလိုက်သည်။ ဒါကို ဆရာနီကိုရဲက ဤသို့ဖြေလိုက်သည်– "ဆရာရွှေဥဒေါင်းက အနုပညာနဲ့ရေးတာ၊ သူတို့က ဝါဒတခုနဲ့ ရေးတာ၊ အဲဒီဝါဒက ဒီခေတ်မှာကျဆုံးသွားတဲ့အခါ သူတို့စာတွေလည်း ကျဆုံးသွားတာပဲ"။

တယ်လည်း ပြတ်သားလှတဲ့ စီရင်ချက်ပါလား။

သူ့ဒီစကားထဲကနေ သူအဓိကထားသော အောက်ပါအချက်သုံးချက်ကို သတိထားမိသည်။

၁။ ဒဂုန်တာရာ၊ ဗန်းမော်တင်အောင်၊ ကြည်အေးတို့ရဲ့ စာတွေ ကျဆုံးသွားပြီ။

၂။ သူတို့ဟာ ဆရာရွှေဥဒေါင်းလို အနုပညာနဲ့ရေးတာမဟုတ်ဘူး။ သူတို့ဟာ ဝါဒတခုနဲ့ရေးတာ။

၃။ သူတို့ရဲ့ဝါဒဟာလည်း ကျဆုံးသွားပြီ။

အဖြေက တိကျလှ၏။ မေးသူသိလိုသည့်အချက်ကိုလည်း တိုက်ရိုက် ဖော်ပြရာ ကျ၏။

ထိုပုဂ္ဂိုလ်သုံးဦးကကော ဘာများပြောလိုပါသနည်း။

တစ်။ ဆရာဗန်းမော်တင်အောင်က ကွယ်လွန်လေပြီ။ သူသည် ကိုယ့်အတွက် ပင် မည်သို့မျှမကာကွယ်၊ မလျှောက် လဲနိုင်တော့။

နှစ်။ ဆရာမ ကြည်အေးက အမေရိကန်တွင် နေသည်။ သူ့အပေါ်

စစ်အစိုးရအာဏာပိုင်များက မကြည်သည် ကိုသိနားလည်သည်။ သူသည် မြန်မာပြည် စာပေလောက၏ အရှုပ်အရှင်းများတွင်လည်း ပါဝင်လေ့ရှိသူမဟုတ်။

သုံး။ ဆရာဒဂုန်တာရာကတော့ နှစ်စဉ်သူ့မွေးနေ့တွင်လည်းကောင်း၊ အခြားပွဲများတွင်လည်းကောင်း စာပေလောကသားများက ပူဇော်သည်ကို မတတ်သာပဲ လက်ခံနေရသည်။ (ထိုပူဇော်သူများထဲတွင် ဆရာနီကိုရဲမပါဝင်ဟု ထင်ပါသည်။) သူ့အား လွန်ခဲ့သည့် လအနည်းငယ်ကပင် နအဖအစိုးရက ပစ်စာသဏ္ဍာန်ဖြင့် စုတ်စုတ်ပဲ့ပဲ့ တိုက်ခိုက်ခဲ့သည်။ ထိုစာမျိုးကို သူချေပလေ့မရှိ။ ချေပခွင့်လည်းမရှိ။ သူသည် နအဖထောင်ချောက်ထဲ မဝင်မိအောင် သတိထားတတ်သူဖြစ်သည်။

ဤသို့၊ ဤမျှ တဖက်သတ်ဖြစ်နေသည့် စာပေဇာတ်ခုံတွင် နအဖက ပြိုငြင်သူ များအား ပြတ်ပြတ်သားသား စီရင်ချက်ပေးရဲသည့် ဆရာနီ၏ သတ္တိကို ချီးကျူးမိပါ၏။ နအဖ၏ အကျဉ်းရုံးစီရင်နည်းများထက်ပင် အကျဉ်းရုံးပါသေးကလား။

တဆက်တည်း ထောက်ပြလိုသည်မှာ ဗျူးသူ ကိုဦးဆွေသည် ဤအကြိမ် အင်တာဗျူးမတိုင်မီတလက ဆရာ ဆောင်းဝင်းလတ်ကို ဗျူးရာတွင်လည်း ဤမေးခွန်း ကိုပင်မေးခဲ့သည်။ စဉ်းစားစရာ။

ဤစာရေးဆရာသုံးဦးသည် အနုပညာဖြင့်ရေးသည်မဟုတ်ဟု ဆရာနီကိုရဲက ခိုင်ခိုင်မာမာ ပြောထားသည်။ တခုပဲ မေးလိုပါသည်။ တချိန်က သူတို့သုံးယောက်၏ ရေးနည်းသားဟန်လို လူနှစ်သက် အတုယူခံရသည့် စာရေးဟန်ရယ်လို့ ဒီခေတ်မှာ ဘယ်သူ့ရေးဟန်များရှိသလဲ။ ဆရာနီကိုရဲ ထပ်ထောက်ပြစေချင်ပါသည်။ တယောက် ထောက်ပြနိုင်လျှင်ပင် လုံလောက်ပါသည်။

သူတို့ဖန်တီးသည့် ဇာတ်ကောင်များအတိုင်း လိုက်ပြီး နေထိုင်ကျင့်ကြံသူ များရှိသည်ဆိုခြင်းကိုရော ဆရာနီကိုရဲ သိပါစ။ ဆရာဒဂုန်တာရာ၏ "မေ"လို ခပ်ပေါ့ပေါ့နဲ့ ခေတ်ကိုအရွဲ့တိုက်ခဲ့သည့် တက္ကသိုလ်ကျောင်းသူနှင့် ကျူတာများ၊ ဆရာမကြည်အေး၏ "နွမ်းလျအိမ်ပြန်"ထဲက အဓိကဇာတ်လိုက်အမျိုးသမီးကို အတုယူပြီး ဗမာပြည်မှာ ဖြစ်တည်မှု ပဓာနဝါဒကို ပထမဆုံးကျင့်သုံးခဲ့တဲ့ ခေတ်ပညာတတ်အမျိုးသမီးတွေ၊ ဆရာဇန်းမော်တင်အောင်ရဲ့ ဝတ္ထုတွေထဲက ဇာတ်ကောင်တွေလို (များလွန်းလို့ တခုချင်း မပြောတော့ပါ) ပြုမူကျင့်ကြံလို့ ချစ်ရပါသည်ဟု မဂ္ဂဇင်းတွင်ထုတ်ရေးခဲ့သည့် စာရေးဆရာမများ။ မဝေးသေးတဲ့အတိတ်မို့ ဒါတွေကို သိသူတွေအများကြီးပါ။ ဒါဖြင့် ဒီဇာတ်ကောင်မျိုးတွေကို ဒီသမိုင်းတခေတ် မော်ကွန်းတင်ခဲ့တဲ့ ကလောင်ရှင်ကြီးတွေဟာ အနုပညာမပါဘဲနဲ့ ဖန်တီးခဲ့တာလား။

နမူနာတချို့ထပ်ပြောပါဦးမည်။ ဆရာမကြည်အေး၏ "ညကြီးမင်းကြီး၊ ထပြီးထိုင်နေ၊ အိပ်ရာတွေလည်း၊ ကြေမွတွန့်လိပ်"ဆိုသော တစ္ဆေစသည့်ကဗျာများ၏ သြဇာကြောင့် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် ထိုဟန်အတိုင်း လိုက်ရေးသူများ အမြောက်အမြားပေါ်ပေါက်ခဲ့ပါသည်။ အချို့ဆိုလျှင် ယောက်ျားပင်ဖြစ်လျက်နှင့် အမျိုးသမီး ကလောင် နာမည်ယူကာ ထိုဟန်မျိုး၊ တွေးခေါ်နည်းမျိုးဖြင့်

လိုက်ရေးကြသည်များ ရှိခဲ့ပါသည်။ ယခုအခါ နာမည် မဖော်ထုတ်သင့်တော့ ဟု ထင်သဖြင့်မဖော်တော့ပါ။

တက္ကသိုလ်ဘုန်းနိုင်ဆိုသော တချိန်ကစောင်ရေအများဆုံး ထုတ်ရသည့် အောင်မြင်မှု အင်မတန်ရခဲ့သော တက္ကသိုလ် ကျောင်းအုပ်ဟောင်း ဆရာဦးခင်မောင် တင့်ကို မှတ်မိကြပါလိမ့်မည်။ သူသည် စာရေးကောင်းသည်ဟူသော အချက်အပြင် ကွန်မြူနစ်ဆန့်ကျင်ရေးများ ရေးသူဟူ၍လည်း နာမည်ကြီးပါသည်။ သို့သော် သူ၏ “ဘုန်းနိုင်” ဆိုသော ကလောင်အမည်မှာ ယခုဆရာနီကိုရဲ အဆိုအရ အနုပညာ ကင်းမဲ့စွာဖြင့်၊ ကွန်မြူနစ်ဝါဒကို အခြေပြုရေးသည်ဆိုသော ဆရာဇန်းမော် တင်အောင်၏ ဇာတ်ကောင်တကောင်၏ နာမည်ကိုယူထားခြင်းဖြစ်ပါသည်။ ဤအကြောင်းကိုလည်း ဆရာဘုန်းနိုင်က ကြုံတိုင်းပြောပါသည်။ သူသည် ဆရာ ဇန်းမော်တင်အောင်၏ အနုပညာက ဖန်တီးထားသော ဇာတ်ကောင်နာမည်ကို ယူထားခြင်းဖြစ် ပါသည်။ ဝါဒကို လုံးဝယူမထားပါ။

ဆရာဒဂုန်တာရာ့လက်ရာနှင့် ပတ်သက်လို့ကတော့ စာရေးသူ၏မိတ်ဆွေတယောက်အကြောင်းကို ပြောပြချင်ပါသည်။ ထိုမိတ်ဆွေက သတင်းစာ တစောင်တွင် အားကစားသတင်းဖြင့် ခြေလှမ်း လှမ်းဝင်ရောက်နေစဉ်ဖြစ်ပါသည်။ သူက ဘောလုံးပွဲသတင်းများကို ရေးရာတွင် အနောက်တိုင်း သတင်းစာများတွင် ရေးကြလေ့ရှိသည့်အတိုင်း ဘောလုံးပွဲမစမီတွေ့ရသည့် ရာသီဥတုအခြေအနေ၊ လေတိုက်မှုအခြေအနေများကိုလည်း ဖွဲ့နွဲ့ရေးပါသည်။ ထိုအခါ အားကစားသတင်းများကို မလွတ်တမ်းဖတ်လေ့ရှိပြီး သူနှင့်လည်း လူချင်းရင်းနှီးသည့် ဆရာလူထုစိန်ဝင်း က “မင်းရဲ့ သတင်းကလည်းကွာ ဒဂုန်တာရာရဲ့စာ ဖတ်နေရသလိုပဲ” ဟု မှတ်ချက်ချပါသည်။ ဆိုလိုသည်မှာ ဒဂုန်တာရာ၏ အနုပညာသြဇာဟာ စာနယ်ဇင်း လောကတိုင်းကို ထိုးဖောက်ဝင်ရောက်ကြောင်းဖြစ်ပါသည်။ ထိုခေတ်က စာလေး ပေလေး ရေးတတ်ချင်သည့် လူငယ်တိုင်းလိုလို ဒဂုန်တာရာ၏ ရေးဟန်ကို လက်တည့်စမ်းမိကြမည်ထင်သည်။

ဆရာနီကိုရဲ၏ စွပ်စွဲချက်– မဟုတ်ဘူး– စီရင်ချက်ထဲတွင် သူတို့သည် နိုင်ငံရေး နှင့် ရေးခဲ့သောကြောင့်ဖြစ်သည် ဆိုသောအချက်လည်း ပါရှိသည်။ ဆရာဇန်းမော် တင်အောင်၏ စာများ အရောင်းရဆုံးကာလမှာ ၁၉၆၀ခုနှစ်များဟု ထင်ပါသည်။ ထိုစဉ်က သူသည်စောင်ရေအများဆုံး ရောင်းရသူ တဦးဖြစ်ပါသည်။ ဤတွင်မေးစရာရှိ လာသည်မှာ နိုင်ငံရေးအယူအဆ တရပ်သက်သက်ကို– ဆရာနီကိုရဲပြောသလို– အနုပညာမပါဘဲ ရေးတာ အဘယ်ကြောင့် ဤမျှ လူကြိုက်များရသနည်း။ တကယ်က ၁၉၅၀ခုနှစ်များနှင့် ၇၀ခုနှစ်များတွင်လည်း သူ့ကို ထောင်ချခြင်း၊ သူ့စာများကို ပိတ်ပင်ခြင်းများ မရှိခဲ့လျှင် သူသည် အရောင်းရဆုံး စာရင်းတွင် ပါနေမည်မှာ သေချာသည်။ သူ့စာအုပ်တအုပ်ကို (အမည်က မမကြီး၊ ထိုဆုကို ဆရာက မယူခဲ့ပါ) သူ့အား ဖမ်းလေ့ရှိသည့် ဖဆပလအစိုးရက စာပေဗိမာန်ဆုပေးခဲ့သည်မှာ

သူ့ဝါဒကို သဘောကျလို့တော့ ဟုတ်မည်မထင်ပါ။ သူ့အနုပညာကို ကြိုက်လို့သာ အသိ အမှတ်ပြုခြင်းဖြစ်ရပါမည်။

မည်သို့ပင်ဆိုစေ စစ်အာဏာရှင်များကမူ သူ့ကို မကြိုက်။ ဖိနှိပ်သူများက သူ့ကို မကြိုက်။ ဆရာနီကိုရဲကလည်း သူ့ကို မကြိုက်။ သူ့စာဖတ်ပရိသတ်ကမူ သူ့ကို ရော၊ သူ့စာများကိုရော ဘယ်မျှနှစ်သက်လေးစားကြောင်း သူကွယ်လွန်စဉ်က ကြံတော သုသာန်တွင်ဖော်ပြခဲ့သည်။ ဗမာပြည်သမိုင်းတွင် မရှိဖူးသော အသုဘမျိုး အဖြစ် မှတ်တမ်းတင်ခဲ့ရသည်။

ယနေ့အခါဗမာပြည်၏ စာပေလောကတွင် စာပေလောကသားချင်း ဖော်ပြခွင့်မရသူ၊ ဖြတ်တောက်ပိတ်ပင်ခံရသူတွေကို စာနာနေကြချိန် ဖြစ်သည်။ သူ့စာဖော်ပြခွင့်မရ၊ ငါ့စာသာ ဖော်ပြခွင့်ရသည်ဆိုပြီး ဂုဏ်ယူကြချိန်မဟုတ်။ သို့သော် ဆရာနီကိုရဲကမူ ဤသည်ကို ဝမ်းသာ ဂုဏ်ယူပြနေရုံမက အဆင်း (ထင်မှတ်ပြီး) ဘီးတပ်၍ တွန်းပေးလိုက်သေးသည်။

သို့သော် ဟာသစာရေးဆရာမို့ထင်ပါရဲ့၊ ဆရာနီကိုရဲ၏စကားစုထဲ တွင် ဟာသလေးများလည်း တွေ့လိုက်ရသည်။ တခုက ဆရာမ ကြည်အေးကို ဝါဒ အတွက်ရေးသူဟု ဆိုလိုက်ခြင်းဖြစ်သည်။ ဆရာမကြည်အေးကား ဗမာပြည်မှာ နိုင်ငံရေးအသွေးအရောင် မဖော်ပြဆုံးသော စာရေးဆရာများအနက် ထိပ်ကပါသော ပုဂ္ဂိုလ်တဦးဖြစ်ပါသည်။ ဆရာမကြည်အေးအား တာရာမဂ္ဂဇင်းတွင် နေရာပေးခဲ့၊ တင်ပေးခဲ့သည်လောက်ကိုသာသိ၍ သူရေးသောစာများကို ဆရာနီကိုရဲ ဖတ်ဖူးဟန် မတူပါ။ ထို့ပြင် တလောကပဲ မဂ္ဂဇင်းတစောင်တွင် ဆရာမကြည်အေး၏ စာအုပ်များ ရောင်းကောင်းလှကြောင်း သုံးသပ်ချက်တပုဒ်ကို ဖတ်မိပါကြောင်း ဆရာနီကိုရဲကို သတိပေးလိုပါသည်။

နောက်ဟာသတခုက ဆရာရွှေဥဒေါင်းဟု သုံးနှုန်းလိုက်ခြင်းဖြစ်ပါ သည်။ စာရေးသူသတိထားမိသည်မှာ အမေလူထုဒေါ်အမာက "ရွှေဥဒေါင်း"ဆို သော ကလောင်ရှင်ကြီးအား ရည်ညွှန်းတိုင်း သူခေါ်လေ့ရှိသည့်အတိုင်း "ဦးလေး သိန်း"၊ သို့မဟုတ် "ဆရာကြီးရွှေဥဒေါင်း" ဟုသာ ရည်ညွှန်းပါသည်။ စာရေးသူ သိမိသူများထဲက ဆရာရွှေဥဒေါင်းလို့ ခေါ်ဆိုရည်ညွှန်းသူဟူ၍ ဆရာနီကိုရဲတဦးသာ တွေ့ဖူးပါသည်။ အားလုံးက ဆရာကြီးဟုပင်ရည်ညွှန်းသုံးစွဲပါသည်။

စာရေးသူကိုကပဲ ဟာသဉာဏ်နည်းလေသလားလည်း မသိပါ။

နောက်ဆုံးအနေနဲ့တော့ ဆရာနီကိုရဲနဲ့ ဗျူးသူ ဆရာကိုဦးဆွေကို သာမက မဂ္ဂဇင်းတွင်ဖော်ပြပေးသူ အယ်ဒီတာချုပ်မင်းကိုပါ အောက်ပါ မေးခွန်း နှစ်ခု မေးချင်ပါသည်။ အဖြေကို ကိုယ့်ဟာကိုယ်စဉ်းစားပြီး ကိုယ့်ခေါင်းထဲမှာတင် ထားရန် ဖြစ်ပါသည်။

ဗမာတမျိုးသားလုံး သွေးစည်းညီညွတ်စွာ တိုက်ပွဲဝင်ပြီး အောင်ပွဲခံ ခဲ့ကြသည့် ဂျပန်တော်လှန်ရေးထဲကို ကိုယ်ကျိုးစွန့်ပြီး စုံပစ်ဝင်ခဲ့ကြသူများသည် ဆရာ

ကြီးသခင်ကိုယ်တော်မှိုင်းနှင့် မဟာဆွေ (နေသူရိန်) တို့၏ စာတွေကိုဖတ်ပြီး ပါဝင်လာခဲ့ကြတာလား၊ စပယ်ပင်ဦးလတ်နှင့် မြမျိုးလွင်တို့၏စာများကို ဖတ်ပြီး ပါလာကြတာလား။ ၇–ရက်ဇူလိုင်ကနေ ရှစ်လေးလုံးအထိ တိုက်ပွဲမျိုးစုံမှာ ပါဝင်ခေါင်းဆောင်ခဲ့ကြသူများသည် မည်သူတွေ ရေးသည့်စာများကို ဖတ်ပြီး သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြတာလဲ။ သူတို့ထဲမှာ ရုပ်ပုံလွှာ၊ ငြိမ်းနဲ့ မြိုင်ကိုမဖတ်ဖူးသူ ဘယ်နှစ်ယောက်များ ရှိလို့လဲ။

ဗမာပြည်၏ရှေ့တွင် ကြီးမားသည့်အရေးတော်ပုံကြီးတရပ် ဆင်နွှဲဖို့ရှိနေပါသေးသည်။ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြရပါဦးမည်။ ထိုတိုက်ပွဲများအတွက် မည်သည့်စာများဖတ်ပြီး ပါဝင်ကြမည်နည်း။ လူထုကို မည်သူတို့၏ ရေးသားချက်များနှင့် စည်းရုံးကြမည်နည်း။ ဆရာနီကိုရဲ၏ ရေးသားချက်များနှင့်လား။ စာရေးသူ၏အမြင်တွင်မူ ဆရာနီကိုရဲပြောသည့် ခေတ်ကုန်သွားပြီ၊ ကျဆုံးသွားပြီဆိုသူများ၏ စာပေများ၏အခန်းကို ပြန်ဖော်ထုတ်ကြရပါလိမ့်ဦးမည်။

**တာရာလင်းယုန်**